ကြေးမုံ
The Mirror
၁၃၇၂ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့၊ (30-8-2010) (၆၅၀၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရခိုင်ပြည်နယ် အမ်းမြို့နယ် မင်းဘူး-အမ်း-စစ်တွေလမ်းပေါ်ရှိ သယု(ပဲပဒုံ)ကြိုးတံတား ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၆)က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် ရခိုင်ပြည်နယ် အမ်းမြို့နယ် မင်းဘူး-အမ်း-စစ်တွေလမ်းပေါ်ရှိ သယု (ပဲပဒုံ) ကြိုးတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ တံတားအနီးရှိ မဏ်လာမဏ္ဍပ်၌ ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ပေးခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ပြည်သူတစ်ဦးက တံတားဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် သယု(ပဲပဒုံ) ကြိုးတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် ဝန်ကြီး ဦးခင်မောင်မြင့်၊ ဝန်ကြီး ဦးသိန်းဆွေနှင့် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(စီမံကိန်း)တို့က သယု (ပဲပဒုံ) ကြိုးတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် ဝန်ကြီးများသည် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်ပရိသတ်များနှင့်အတူ မုခ်ဦးရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းမှူးက သယု (ပဲပဒုံ)ကြိုးတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များသည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမ်းမြို့နယ် မင်းဘူး-အမ်း-စစ်တွေလမ်းပေါ်ရှိ သယု(ပဲပဒုံ) ကြိုးတံတားကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

ရေယူဥမင်လိုဏ်(အဝင်)မျက်နှာစာတွင် ရေထိန်းတံခါးလုပ်ငန်း ဆောင်ရွက်နေစဉ်။

တောင်ငူမြို့နယ်တွင် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နေ

သတင်းဆောင်းပါး-ကိုတင်လှိုင်(မိတ္ထီလာ) ➢ ဓာတ်ပုံ-ကိုသန့်စင်(မိတ္ထီလာ) | အဆင်အပြင် - နိုင်လင်းကြည်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ နိုင်ငံအနှံ့ ဖြန့်ကြက် တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံအတွက် လိုအပ်လျက်ရှိသော ရေအားလျှပ်စစ်ရရှိရေးအတွက် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အရှေ့ဘက် ၁၄ မိုင်ခန့်အကွာတွင် သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် တည်ဆောက်နေသည်။ သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပါဝင်သည်။ သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်းကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ပညာရှင်များနှင့် မြန်မာအင်ဂျင်နီယာများတွဲဖက်၍ ၁၉၆၄ ခုနှစ်က စူးစမ်းလေ့လာ တိုင်းတာရေးများ ပြုလုပ်ခဲ့သည်။

သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်းကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ၂၀၀၈ ခုနှစ်တွင် စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့သည်။ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ရှိမည့် လျှပ်စစ်ဓာတ်အားကို **စာမျက်နှာ ၈ ကော်လံ ၁ သို့☆**

၁၀-၈-၂၀၁၀
(တနင်္လာနေ့)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စိမ်းလန်းစိုပြည် စီးပွားဖွံ့ဖြိုး အလှတိုး သစ်တောသစ်ပင် နှစ်စဉ်တိုးချဲ့စိုက်ပျိုး

ကမ္ဘာမြေတစ်ဝန်း လေထုပိုမိုပူနွေးလာသည်။ ရာသီဥတုပြောင်းလဲလာမှုနှင့်အတူ ရေ၊ မြေ၊ လေ ရာသီဥတု စသည့် ရုပ်ပိုင်းဆိုင်ရာများ ယိုယွင်းလာနေပြီ။ သစ်ပင်၊ ပန်းမန်၊ တိရစ္ဆာန်စသည့် သက်ရှိဇီဝဆိုင်ရာ ပြုန်းတီးမှုများ တွေ့ကြုံနေကြရပြီ။ ယခုအခါ နိုင်ငံအများအပြားက ကမ္ဘာကြီးပူနွေးလာမှု တားဆီးလျှော့ချနိုင်ရေး ကြိုးပမ်းနေကြပြီ။ သစ်ပင်သစ်တောများကို တိုးချဲ့စိုက်ပျိုးထိန်းသိမ်းနေကြပေပြီ။

သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝသစ်တောများ မပြုန်းတီးရေး ထိန်းသိမ်းကာကွယ်ခြင်းတို့သည် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ဖြေရှင်းရာတွင် အထိရောက်ဆုံးဖြစ်သည်။ ကုန်ကျစရိတ် အသက်သာဆုံးနှင့် အကောင်းဆုံးနည်းလမ်းလည်း ဖြစ်သည်။ သစ်ပင်သစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို စုပ်ယူနိုင်ပြီး ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ကောင်းမွန်ရေး ထိန်းညှိပေးနိုင်ခြင်းကြောင့် ဖြစ်သည်။

သစ်တောရေးရာဝန်ကြီးဌာနက သစ်တောများကို စနစ်တကျ ထိန်းသိမ်းလျက်ရှိသည်။ အခြားဆက်စပ် ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ဒေသအလိုက် သစ်တောများ၊ သဘာဝနယ်မြေများနှင့် ကျွန်းအထူးစိုက်ခင်းများကို ထူထောင်နေပြီ။ ဒေသခံပြည်သူများ အစုအဖွဲ့ပိုင် သစ်တောများ ထူထောင်ရန် သစ်ပင်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးနေကြပြီ ဖြစ်သည်။

သစ်တောဦးစီးဌာနနှင့်ပြည်သူများပူးပေါင်း၍ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ကြိုးပမ်းလျက်ရှိသည်။ တစ်အိမ်ထောင်တွင် ကျွန်းသုံးပင်၊ သစ်မာ(ယူကလစ်) အပင် ၂၀ နှုန်း စိုက်ပျိုးနေကြပြီ။ ကျေးရွာတစ်ရွာ သစ်တောစိုက်ခင်း တစ်ဧကနှုန်းဖြင့် ဧကသုံးထောင်ကျော်စိုက်ပျိုးတည်ထောင်နိုင်ခဲ့ပြီ။ သစ်တောဦးစီးဌာနက နှစ်စဉ်သစ်တောစိုက်ခင်းဧက ခုနစ်သောင်းကျော် တည်ထောင်လျက်ရှိသည်။

မြန်မာတို့သည် သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးကြသူများ ပီပီ သီးပင်၊ စားပင် အရိပ်ရပင်များကို အစဉ်တစိုက် စိုက်ပျိုးလျက်ရှိရာ မြို့ပြကျေးလက်တစ်ခွင် ပန်းမျိုးစုံတို့ ဖူးပွင့်ဝေဆာနေကြပြီ။ **ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏** ဆောင်ပုဒ်နှင့်အညီ စားပင်၊ သီးပင် အရိပ်ရလေကာပင်၊ အဖိုးတန် သစ်ပင်များ စိမ်းလန်းစိုပြည်ဝေဆာလျက်ရှိသည်။

ကျွန်းသစ်အပါအဝင် သစ်တောသစ်ပင်များသည် နိုင်ငံစီးပွားရေးအတွက် အားထားရသည်။ ရာသီဥတု ညီညွတ်မျှတစေသည်။ သားငှက်တိရစ္ဆာန် ဇီဝမျိုးစုံမျိုးကွဲ ဂေဟစနစ်များ တည်ငြိမ်မှုကို အကျိုးပြုနေသည်။ ပြည်သူများအားလုံးက နိုင်ငံတော်နှင့်အတူ သစ်တောသစ်ပင်သီးပင်၊ စားပင် အဖိုးတန်သစ်ပင်များ နှစ်စဉ်တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် **သစ်တောထိန်းသိမ်း တောတွေစိမ်းမှ ချမ်းငြိမ်းပြည်ရွာ နိုင်ငံသာ၏** သစ်တောရေးရာဆောင်ပုဒ်နှင့်အညီ မြို့ပြပြည်ရွာတစ်ခွင် စိမ်းလန်းစိုပြည် စီးပွားဖွံ့ဖြိုး လှပဝေဆာနေမည် ဖြစ်ပါသည်။ ။

ဝန်ကြီး ဦးလှထွန်း အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံ၊ လုပ်ငန်းဆိုင်ရာများ မှာကြား

ရန်ကုန် ဩဂုတ် ၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန ရုံးချုပ်ခန်းမ၌ ကျင်းပသော အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်းများ တက်ရောက်ကြသည်။

မှာကြား

အစီအစဉ်အရ အကောက်ခွန်ဦးစီးဌာနရှိ ဌာနခွဲခုနစ်ခုမှ ညွှန်ကြားရေးမှူးများက ဌာနအလိုက် ဖွဲ့စည်းပုံနှင့် တာဝန်ဝတ္တရားများ၊ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားမှု၊ ရည်မှန်းချက်နှင့်အညီ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးက အမှာစကား ပြောကြားရာတွင် ဝန်ထမ်းအဆင့်အတန်းအားလုံးသည် လုပ်ငန်းကျွမ်းကျင် ပိုင်နိုင်မှုဖြင့် တာဝန်ဝတ္တရားများကို စိတ်ရင်းစေတနာအမှန်ဖြင့် ထမ်းဆောင်ကြရန်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို အကျိုးရှိစွာ အသုံးပြု၍ လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်းစသည်ဖြင့် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်းသို့ သွားရောက်၍ ပို့ကုန်၊ သွင်းကုန် ကုန်သေတ္တာများကို X-Ray Scanning Machine ဖြင့် ကုန်သေတ္တာလုံခြုံမှု စစ်ဆေးခြင်း အခြေအနေ၊ ဆိပ်ကမ်းနှင့် ကုန်လှောင်ရုံအတွင်း ပို့ကုန်၊ သွင်းကုန် လုပ်ငန်းဆောင်ရွက်နေမှုများနှင့်တင်သွင်း၊ တင်ပို့မှုလုပ်ငန်းစဉ်များကို စိစစ်ကြပ်မတ်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အကောက်ခွန်ဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ပြည်ပကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရေးစသည့် လုပ်ငန်းစဉ်များကို အထူးအလေးထားဖြည့်ဆည်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း အေး ရှား ဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်းတွင် ပို့ကုန်၊ သွင်းကုန် ကုန်သေတ္တာများကို X-Ray Scanning Machine ဖြင့် ကုန်သေတ္တာလုံခြုံမှု စစ် ဆေး ခြင်း ကို ကြည့်ရှု စစ်ဆေးစဉ်။

(ဘဏ္ဍာ/အခွန်)

တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၉

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနများ တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အလိုက် ဘော်လီဘောပြိုင်ပွဲ(အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် မန္တလေးမြို့ ဗထူးအားကစားကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရတနာပုံတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦး၊ တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ဘော်လီဘောဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ အဖွဲ့ဝင်များ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ မန္တလေးမြို့ပေါ်ရှိ တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် မကွေးဇုန်အသင်းနှင့် ရန်ကုန်(၁)ဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေးဇုန်အသင်းက သုံးပွဲတစ်ပွဲဖြင့် အနိုင်ရရှိကာ တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ဒုတိယပါမောက္ခချုပ်ဒေါက်တာသက်ထွန်းအောင်က ပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဒိုင်လူကြီးများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ယင်းနောက် မကွေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာအေးကျော်က ဒုတိယဆုရ ရန်ကုန်(၁)ဇုန်အသင်းမှ အားကစားသမားများအား တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ မန္တလေး အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဦးမောင်မောင်ခင်က ပထမဆုရ မကွေးဇုန်အသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ ကျောက်ဆည်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာမြင့်လွင်က အကောင်းဆုံးရိုက်အားရှင်ဆုရ မကွေးဇုန်အသင်းမှ မောင်အောင်ချင်း၊ အကောင်းဆုံးပင့်ထောင်သူဆုရ မန္တလေးဇုန်အသင်းမှ မောင်ဖြိုးလွင်ဦးနှင့် အကောင်းဆုံးဆယ်မသူဆုရ တောင်ကြီးဇုန်အသင်းမှ မောင်မောင်သန်းတို့အားလည်းကောင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ရတနာပုံတက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက အကောင်းဆုံးစပေးဘောဆုရ မန္တလေးဇုန်အသင်းမှ မောင်ဇင်မိုး၊ အကောင်းဆုံးအကာဆုရ ရန်ကုန် (၁) ဇုန်အသင်းမှ မောင်ဖြိုးသူအောင်နှင့်ပွဲစဉ်တစ်လျှောက်အကောင်းဆုံး အားကစားသမားဆုရ မကွေးဇုန်အသင်းမှ မောင်အောင်ချင်းတို့အားလည်းကောင်း ဆုတံဆိပ်များ အသီးသီး ချီးမြှင့်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေက ဒုတိယဆုရ ရန်ကုန်(၁)ဇုန်အသင်းအား ငွေသားဆုနှင့် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းက ပထမတံခွန်စိုက်ဖလားဆုရ မကွေးဇုန်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုတို့ကို ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင်မြို့ မော်တင်လိန်းဂျဒ်ဆင်နှင့် အထက (၆) အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၉

မော်လမြိုင်မြို့ မော်တင်လိန်းဂျဒ်ဆင်နှင့် အထက (၆)၌ ပညာသင်ကြားပေးခဲ့ကြသော ၁၉၄၆ ခုနှစ်မှ ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ အသက်(၆၀)ပြည့် အငြိမ်းစား ဆရာ၊ ဆရာမများအား ပဥ္စမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (I.B.C) ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စတုတ္ထအကြိမ်ပူဇော်ပွဲ၌ မပါဝင်သော်လည်း ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် အသက်(၆၀)ပြည့်လျှင် ဆရာ၊ ဆရာမများ ဖြစ်မြောက်ရေးကော်မတီဝင်တစ်ဦးဦးဖြင့် ဆက်သွယ်စုံစမ်းနိုင်သည်။

ဆက်သွယ်နိုင်

၁၉၆၀မှ ၂၀၁၀ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ ဖြစ်မြောက်ရေး ကော်မတီဝင်များထံ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပြီး ရန်ကုန်မြို့၌ ဦးညီညီရှိန် ဖုန်း-၀၁-၆၆၆၈၅၃၊ ၀၉-၅၀၀၁၁၀၁၊ ဒေါ်မြမြ ဖုန်း-၀၁-၆၆၅၉၀၉၊ ၀၉-၅၀၀၈၀၀၈၊ ဒေါ်ဒေါနမြင့် ဖုန်း-၀၉-၅၀၀၄၅၂၈၊ ၀၁-၂၀၂၀၁၆၊ ၀၁-၅၀၄၇၆၃၊ ဒေါ်ခိုင်ခိုင်မာ ဖုန်း-၀၁-၅၀၈၁၇၉၊ ၀၉-၅၁၅၂၉၁၅ နှင့် မော်လမြိုင်မြို့၌ ဦးဇေထွန်းတင် ဖုန်း-၀၉-၅၃၂၁၁၂၊ ဒေါက်တာ ဟန်ဝင့်ကျော် ဖုန်း-၀၉-၈၇၀၁၆၇၄၊ ဦးဝင်းမြင့် ဖုန်း-၀၉-၉၈၀၀၂၇၁နှင့် ဒေါ်မိုးစိန် ဖုန်း-၀၉-၅၁၃၇၇၁၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အာဟာရနို့ထမင်း တိုက်ကျွေး

အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း တာမွေမြို့နယ်တွင် ဦးဇော်ဝင်း-ဒေါ်ဆွေဆွေလှိုင်သင်းတို့၏သမီး Grade 3, A-1 မှ မပြည့်ပြည့်ဖြိုး၏ ခုနစ်နှစ်မြောက် မွေးနေ့အဖြစ် တစ်ကျောင်းလုံးအား အာဟာရနို့ထမင်း တိုက်ကျွေးစဉ်။ (ကြေးမုံ)

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့နေ တေးသံရှင် ကိုအဲလက်စ်-ဇနီး မခင်အိအိခင် မိသားစုက လေးဘီး (Wheel Chair) လှူဒါန်းရာ ဖောင်ဒေးရှင်းမှ စာရင်းစစ် ဒေါ်သူဇာကျော်နှင့် မသန်စွမ်း မောင်နှမများက ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ်ရှိ လျှပ်တစ်ပြက် ဂျာနယ်တိုက်၌ လက်ခံရယူစဉ်။ (ကြေးမုံ)

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့ အမ်းမြို့နယ် မင်းဘူး-အမ်း-စစ်တွေ လမ်းပေါ်ရှိ သယု(ပဲပဒိုး) ကြိုးတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။(သတင်း-ရွှေဖုံး)

(ဆောက်လုပ်ရေး)

မိခင်နို့ စနစ်တကျတိုက်ကျွေးရေး အသိပညာပေးဟောပြောပွဲ မန်တုံ၌ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ မိခင်နို့ စနစ်တကျတိုက်ကျွေးရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီတွင် မန်တုံမြို့ ခန်းမဆောင်၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန် ဒေါက်တာအောင်မြင့်ဦးက ရင်သွေးငယ်များအား မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်း၏ ကောင်းကျိုးများကို လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာလှိုင်က နို့တိုက်မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုကို လည်းကောင်း အကျယ်တဝင့် အသိပညာပေးဆွေးနွေးဟောပြောကြကာ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ကျန်းမာရေးအသိပညာပေးစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးသိန်းဇော် ရတနာပုံမြို့သစ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၉

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဩဂုတ် ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အနီး ရတနာပုံမြို့သစ်ရှိ ဆက်သွယ်ရေးစက်မှုအဆောက်အအုံကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက စက်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရတနာပုံတယ်လီပို့ အဆောက်အအုံ၌ တပ်ဆင်ထားရှိသည့် SOFT SWITCH စက်ခန်းသို့ ရောက်ရှိပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက စက်များတပ်ဆင်နေမှု၊ FTTH (Fibre to the Home) ဆောင်ရွက်မည့် အစီအမံနှင့် Triple Play Services များဖြစ်သည့် တယ်လီဖုန်း၊ အင်တာနက်နှင့် Cable TV များအား ဝန်ဆောင်မှုပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အသစ်တပ်ဆင်နေသည့် အင်တာနက်အိတ်ချိန်းဖြစ်သည့် ရတနာပုံတယ်လီပို့ IXP သို့ ရောက်ရှိရာ တာဝန်ရှိသူများက အိတ်ချိန်းစက်ပစ္စည်းများ တပ်ဆင်နေမှုနှင့် DATA CENTER များ တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးသည် ရတနာပုံ Web Portal စက်ခန်းတွင် စက်များ တပ်ဆင်နေမှုနှင့် Web Portal တွင် Application များ ထည့်သွင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ ရှင်းလင်းတင်ပြမှုများအပေါ် စက်ပစ္စည်းများ အချိန်မီတပ်ဆင်ပြီးစီးရေး၊ အဆင့်အတန်းမီစေရေးနှင့် စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်စေရေး၊ ဆက်သွယ်မှုများ မပြတ်တောက်စေရေးအတွက် အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ တယ်လီပို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရာ တက်ရောက်လာကြသူများ၏ မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအလိုက် ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် ရတနာပုံမြို့သစ်ရှိ ဆက်သွယ်ရေးစက်မှုအဆောက်အအုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၈-၂၀၁၀ (တနင်္လာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "ဝိပဿနာအားထုတ်မှ စိတ်ချရ" တရားတော် [ဘဒ္ဒန္တခေမာစာရ (အောင်ခေမာဆရာတော်)]
၆း၅၀ ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၃)**
၈း၃၅ Premier League Highlight
၉း၀၀ ဝေါမြို့နယ်အသင်း(ရန်ကုန်)၏ အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ
၉း၁၅ Activities In The City (HAI HAI & GUN GUN ကလေးအာဟာရဖြည့်နို့မှုန့် မိတ်ဆက်ပွဲ)
၉း၃၅ Global Panoram
၁၀း၅၅ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ "အသည်းကွဲဒယ်ဒီ"
၁၁း၂၅ စုံညီအာဟာရပြည့်စုံရေး ကျောင်းကျန်းမာရေးလှုပ်ရှားပေး
၁၁း၄၀ International Show Biz
၁၂း၀၀ နေသားတကျအရေပြားအလှ "နူးညံ့စိုပြည်ဝင်းမွတ်တဲ့မျက်နှာ"
၁၂း၁၀ 3D ကမ္ဘာ
၁၂း၂၅ မြန်မာ့လက်မှု အနုလက်ရာစုံစွာ. .
၉း၁၅ Activities In The City (HAI HAI & GUN GUN ကလေးအာဟာရဖြည့်နို့မှုန့် မိတ်ဆက်ပွဲ)
၁း၀၀ "ဝိပဿနာအားထုတ်မှ စိတ်ချရ" တရားတော် [ဘဒ္ဒန္တခေမာစာရ (အောင်ခေမာဆရာတော်)]
၂း၀၀ MRTV-4 သတင်း
၂း၄၅ Celebrity Choice (မေစပယ်ညို)
၃း၁၀ စုံညီအာဟာရပြည့်စုံရေး ကျောင်းကျန်းမာရေးလှုပ်ရှားပေး
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၃)**
၄း၁၅ ဝေါမြို့နယ်အသင်း (ရန်ကုန်)၏ အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ
၄း၃၀ စာအုပ်ပြခန်း ("သမီးဖတ်ဖို့နှလုံးသားရှုမျှော်ခင်းများ" စာအုပ်ရေးသားသူ ဆရာမောင်သာချိုနှင့် တွေ့ဆုံခြင်း)
၅း၀၀ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ "အသည်းကွဲဒယ်ဒီ"
၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ International Show Biz
၆း၃၅ အနုပညာမိုးကောင်းကင်
၇း၀၀ ရန်ကုန်မြင်ကွင်းကျယ် (East Point Shopping Centre မှ စီစဉ်ကျင်းပသော Celebrity Look Alike ပြိုင်ပွဲ)
၇း၀၅ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ [Aung La (Reason)]
၇း၄၀ တက္ကသိုလ်များ (ရန်ကုန်) လှေလှော်ပြိုင်ပွဲ
၈း၀၀ MRTV-4 သတင်း
၈း၃၀ Celebrity Choice (မေစပယ်ညို)
၉း၀၀ အနုပညာမိုးကောင်းကင်
၉း၃၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၃)**
၁၀း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၃၀ နေသားတကျအရေပြားအလှ "နူးညံ့စိုပြည်ဝင်းမွတ်တဲ့မျက်နှာ"
၁၀း၄၀ စာအုပ်ပြခန်း ("သမီးဖတ်ဖို့နှလုံးသားရှုမျှော်ခင်းများ" စာအုပ်ရေးသားသူ ဆရာမောင်သာချိုနှင့် တွေ့ဆုံခြင်း)
၁၁း၀၀ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ [Aung La (Reason)]
၁၁း၂၅ ကျန်ရစ်ခဲ့သောခြင်ထောင်လေးတစ်လုံး(ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ) (ဒါရိုက်တာ အကယ်ဒမီဆွေဇင်ထိုက်)
၁၁း၃၅ ငြိမ်ချောင်းသာယာရှုမဝ မြန်မာ့ဂီတ မြန်မာ့အက
၁၁း၅၀ စွမ်းအားစက်မှုအရင်းပြုစီမံဆောင်ရွက်နိုင်ငံ့အတွက် ထုတ်လုပ်နေတာ မြန်မာ့တာယာ
၁၂း၁၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မဂ္ဂဇင်းထုတ်ဝေရေးအတွက် ငွေလှူ

ရန်ကုန် ဩဂုတ် ၂၉

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) တည်ထောင်ခြင်း နှစ် (၅၀) ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကံသောင်းမှတစ်ဆင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးများဖြစ်ကြသည့် ထက်လင်းဆေးတိုက်၊ ထွန်းရွှေဝါဆေးတိုက်၊ မှန်ချိုဆေးတိုက်၊ ဂရိတ်ဝေါဆေးတိုက်များမှ ကျပ်တစ်သိန်းစီ၊ ဖြူစင်မေတ္တာဆေးတိုက်နှင့် အဝေရာဆေးတိုက်တို့မှ ကျပ်ငါးသောင်းစီ စုစုပေါင်း ကျပ်ငါးသိန်း လှူဒါန်းပွဲကို ဩဂုတ် ၂၁ ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်း ဓမ္မသုခကျောင်း၌ ကျင်းပရာ ဆေးတိုက်များကိုယ်စား အသင်းတွဲဖက်အတွင်းရေးမှူး ဦးပေါ်များက ပေးအပ်ပြီး အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်၊ တွဲဖက်တာဝန်ခံ အယ်ဒီတာ ဦးစိုးဝင်း(သတင်းထောက်စဉ့်ကူစိုးဝင်း)၊ ဘဏ္ဍာရေးမှူး ဦးသာထွေးနှင့်အဖွဲ့ဝင်များက လက်ခံရယူကြသည်။

(အောက်ပုံ) (၆၁)

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ရာ လွတ်လပ်ရေးပန်းခြံအတွင်း အရိပ်ရပင်၊ ပန်းအလှပင်များဖြင့် လှပဝေဆာစွာ ပျိုးထောင်စိုက်ပျိုးထားရှိမှုကို ဩဂုတ် ၁၂ ရက်က မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ကွင်းဆင်းစစ်ဆေးရာ အဖွဲ့အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(ကြေးမုံ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဂါဇာသို့ ခိုးသွင်းမည့်လက်နက်များတွေ့ရှိ

ကိုင်ရို ဩဂုတ် ၂၉

ဂါဇာကမ်းမြောင်သို့ ခိုးသွင်းမည့် လက်နက်ခဲယမ်းအမြောက်အမြား လျှို့ဝှက်သိမ်းဆည်းထားသည့်နေရာ နှစ်နေရာကို ဆိုင်းနိုင်းသဲကန္တာရအတွင်း၌ အီဂျစ်ရဲတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဩဂုတ် ၂၈ ရက် သတင်းများတွင် ဖော်ပြသည်။

အီဂျစ်လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဆိုင်းနိုင်း သဲကန္တာရအတွင်း လျှို့ဝှက်ထားရှိသော လက်နက်များတွင် ခဲယမ်းမီးကျောက်များ၊ တင့်ကားဖျက်မိုင်းများနှင့် စက်သေနတ်များကိုလည်း တွေ့ရှိရကြောင်း သိရသည်။ ယင်းအပြင် လေကြောင်းရန်ကာကွယ်ရေး လက်နက်များလည်း ပါဝင်ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသကို ဟားမားစ်လှုပ်ရှားမှုအုပ်စုက ထိန်းချုပ်ခဲ့ပြီးနောက် ယင်းဒေသနယ်စပ်များကို အီဂျစ်နှင့် အစ္စရေးနိုင်ငံတို့က ပိတ်ဆို့၍ အီဂျစ်နှင့် ဂါဇာနယ်စပ်တစ်လျှောက် ဥမင်လိုဏ်များတူး၍ မှောင်ခိုလုပ်ငန်းများ လုပ်ကိုင်မှုကို တားဆီးရန်လည်း အီဂျစ်အာဏာပိုင်များက ကြိုးပမ်းခဲ့သည်။

အင်တာနက်။

အီရန်၌ လျှင်လှုပ် သုံးဦးသေဆုံး

တီဟီရန် ဩဂုတ် ၂၉

အီရန်နိုင်ငံ ဆင်နန်ပြည်နယ်၌ စနေနေ့ ည ဒေသစံတော်ချိန် ၁၁ နာရီ ၅၃ မိနစ်တွင် ပြင်းအား ရစ်ချ်တာစကေး ၅ ဒသမ ၉ ရှိသော ငလျှင်လှုပ်ခတ်ခဲ့ရာ သုံးဦးသေဆုံး၍ ၄၀ ဒဏ်ရာရရှိကြောင်း သိရသည်။

ငလျှင်ကြောင့် ကလေးနှစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦး သေဆုံးခဲ့ရသော်လည်း ယင်းဒေသ၌ လူဦးရေကျဲသဖြင့် သေဆုံးသူ အရေအတွက် တိုးမလာနိုင်ကြောင်း၊ လူနေအိမ် ၁၅ လုံးသာ ပျက်စီးကြောင်း သတင်းတွင် တင်ပြသွားသည်။

အီရန်နိုင်ငံသည် မြေငလျှင်ပြတ်ရွေ့ကြောင်းပေါ်တွင် တည်ရှိနေသည်ဟု ဆိုသည်။ ၂၀၀၃ ခုနှစ်က အီရန်အရှေ့တောင်ပိုင်း ဆန်မြို့တွင် ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၆ ရှိသော ငလျှင်တစ်ခုလှုပ်ခဲ့ရာ လူပေါင်း ၂၆၀၀၀ သေဆုံးခဲ့သည်။

အင်တာနက်။

ဆင်စွယ်နှင့်ကြံ့ချို နှစ်တန်ခန့် ကင်ညာ၌ သိမ်းဆည်း

နိုင်ရိုဘီ ဩဂုတ် ၂၉

ကင်ညာနိုင်ငံ နိုင်ရိုဘီလေဆိပ်တွင် သေတ္တာများအတွင်း ထည့်သွင်းထားသော ဆင်စွယ်အလေးချိန် နှစ်တန်ခန့်နှင့် ကြံ့ချိုငါးချောင်းကို ကင်ညာတာဝန်ရှိသူများက သိမ်းဆည်းနိုင်ခဲ့ကြောင်း ဩဂုတ် ၂၉ ရက် သတင်းများတွင် ဖော်ပြသည်။

အဆိုပါ ဆင်စွယ်နှင့် ကြံ့ချိုများကို မလေးရှားနိုင်ငံသို့ တင်ပို့မည်။ အဆိုပါ ဆင်စွယ်နှင့် ကြံ့ချိုများသည် နှစ်ပေါင်းများစွာအတွင်း ကင်ညာနိုင်ငံက ပြန်လည်သိမ်းဆည်းနိုင်ခဲ့သမျှ အကြီးမားဆုံးပမာဏ ဖြစ်ဖွယ်ရှိကြောင်း ယူဆရသည်။

ဆင်စွယ်များခိုးထုတ်မှုနှင့် ပတ်သက်ကြောင်း ယူဆရသူနှစ်ဦးကို ကင်ညာတာဝန်ရှိသူများက ဖမ်းဆီးထိန်းသိမ်းထားကြောင်း သတင်းများတွင် ဖော်ပြသည်။ ကင်ညာ သားရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးဌာန၏ အဆိုအရ အဆိုပါ ဆင်စွယ်များကို သဘာဝအလျောက် သေဆုံးသောဆင်များထံမှ ရယူထားခြင်းဖြစ်ဖွယ်ရှိကြောင်း သိရသည်။

အင်တာနက်။

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း၌ မီးတောင်ပေါက်ကွဲ

ဂျကာတာ ဩဂုတ် ၂၉

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း၏ မြို့တော်မီဒန်မြို့ အနောက်တောင်ဘက် ကီလိုမီတာ ၆၀ (မိုင် ၄၀ ခန့်) အကွာရှိ ဆီနာဘန်းမီးတောင်သည် နှစ်ပေါင်း ၄၀၀ ခန့် ငြိမ်သက်နေခဲ့ပြီးနောက် ဩဂုတ် ၂၈ ရက် ညသန်းခေါင်အလွန်တွင် ပေါက်ကွဲခဲ့ရာ သက်ဆိုင်ရာက အန္တရာယ်အမြင့်ဆုံး သတိပေးအနီရောင်အဆင့်ဖြင့် တပ်လှန့်ထားကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ပြာနှင့် မီးခိုးများ လေထုထဲသို့ အမြင့် မီတာ ၁၅၀၀ ခန့်အထိ မှုတ်ထုတ်လျက်ရှိကြောင်း၊ လူတစ်ဦးသေဆုံးသွားပြီး မီးတောင်ပတ်ဝန်းကျင် ကျေးရွာများမှ လူ ၁၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါ မီးတောင်သည် စနေနေ့တစ်နေ့လုံး မီးခိုးများမှုတ် ထုတ်နေခဲ့သော်လည်း သက်ဆိုင်ရာက သတိပေးမှုအဆင့်ကို မမြှင့်ခဲ့ခြင်းကြောင့် မီးတောင်ပေါက်ကွဲချိန်တွင် ကျေးရွာများ၌ နေထိုင်သူများ ရုတ်တရက်အငိုက်မိခဲ့သည်ဟု ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြသည်။

ကျယ်လောင်သော ထစ်ချုန်းသံများနှင့်အတူ ပေါက်ကွဲမှုကြီးဖြစ်ပွားပြီးနောက် အိပ်နေသော ကလေးများကိုပါ နှိုးကာ မိသားစုတစ်စုလုံး ဘေးလွတ်ရာသို့ ပြေးခဲ့ရကြောင်း၊ ချော်ရည်ပူများမှာ မီးဘောလုံးကြီးများကဲ့သို့ လိမ့်ဆင်းလာကြောင်းဖြင့် ထွက်ပြေးလာသူများက ရုပ်မြင်သံကြား သတင်းဌာနတစ်ခုသို့ ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။



တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်ပစ်ခတ်ရန် အိန္ဒိယအဆင်သင့်ရှိ

မွမ်ဘိုင်း ဩဂုတ် ၂၉

အိန္ဒိယနိုင်ငံသည် ၎င်းတည်ဆောက်ထားသော တိုက်ချင်းပစ်ဒုံးကျည် (အိုင်စီဘီအမ်) အသစ်တစ်စင်းကို စမ်းသပ်ပစ်ခတ်ရန် စီစဉ်နေကြောင်း ဩဂုတ် ၂၈ ရက် သတင်းများတွင် ဖော်ပြသည်။ အဂ္ဂနိ-၅အမည်ရှိ အဆိုပါ တိုက်ချင်းပစ်ဒုံးပျံသည် အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာစစ်ရေးစွမ်းဆောင်ရည်ကို ပိုမိုတိုးမြှင့်စေမည်ဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် တိုက်ချင်းပစ်ဒုံးပျံနည်းပညာကို ပြည်ပနိုင်ငံများထံမှ တောင်းဆိုခဲ့သော်လည်း ငြင်းပယ်ခံခဲ့ရပြီးနောက် ပြည်တွင်း၌ပင် တည်ဆောက်ခဲ့သည်။ ယင်းအဂ္ဂနိ-၅ ဒုံးကျည်သည် ပထမဆုံးအကြိမ် စမ်းသပ်ပစ်ခတ်ရန် အသင့်ရှိနေပြီဖြစ်ကြောင်း သတင်းများတွင်ဖော်ပြထားသည်။ သို့ရာတွင် စမ်းသပ်ပစ်ခတ်မှုလုပ်ဆောင်မည့်အချိန်ကိုမူ မသိရသေးပေ။

အဂ္ဂနိ-၅ တိုက်ချင်းပစ်ဒုံးကျည်ကို ကီလိုမီတာ ၅၀၀၀ ကျော် အကွာအထိ ပစ်ခတ်နိုင်ပြီး အဂ္ဂနိ-၃ တာလတ်ပစ်ဒုံးကျည်**(အပေါ်ပုံ)** ကို အခြေခံကာ တည်ဆောက်ခဲ့ ခြင်းဖြစ်သည်။

အင်တာနက်။

ပင်လယ်ဝါ၌ တရုတ်ရေတပ်စစ်ရေးလေ့ကျင့်မည်

ပေကျင်း ဩဂုတ် ၂၉

စက်တင်ဘာ ၁ ရက်မှ ၄ ရက်အထိ ပင်လယ်ဝါရေပြင်တွင် တရုတ်ရေတပ်က စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ဩဂုတ် ၂၉ ရက် သတင်းများတွင် ဖော်ပြထားသည်။ ယင်းစစ်ရေးလေ့ကျင့်မှုသည် နှစ်စဉ်ပုံမှန် ပြုလုပ်သော စစ်ရေးလေ့ကျင့်မှုဖြစ်ပြီး လက်နက်ပစ်ခတ်မှု လေ့ကျင့်ခန်းများ ပါဝင်မည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ရေတပ်အုပ်စုတစ်ခုဖြစ်သော ပေဟိုင်းရေတပ်က အဆိုပါ စစ်ရေးလေ့ကျင့်မှုများကို ရှန်တုန်ပြည်နယ် ကျင့်တာမြို့ အရှေ့တောင်ဘက် ကမ်းရိုးတန်းကမ်းလွန်ရေပြင်တွင် လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ ကျင့်တာမြို့သည် ပေဟိုင်းရေတပ်အုပ်စု၏ ဌာနချုပ်တည်ရှိရာမြို့ဖြစ်သည်။ ဩဂုတ်လအစောပိုင်းက တရုတ်နိုင်ငံသည် ၎င်း၏ စစ်အင်အားကို လျှို့ဝှက်တိုးချဲ့နေကြောင်း စွပ်စွဲထားသော အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်၏ အစီရင်ခံစာကို တရုတ်အစိုးရက ပယ်ချခဲ့ပြီး ယင်းအစီရင်ခံစာသည် နှစ်နိုင်ငံလက်နက်ကိုင် တပ်ဖွဲ့များအကြား ဆက်ဆံရေးကို ထိခိုက်နိုင်ကြောင်း သတိပေးခဲ့သည်။

အေပီ။

ဗင်နီဇွဲလား၌ ကိုကင်း ၄ ဒသမ ၄ တန် ဖမ်းမိ

ကာရာကတ်(စ်) ဩဂုတ် ၂၉

ဗနီဇွဲလား အာဏာပိုင်များသည် ကြာသပတေးနေ့က ကိုကင်း ၄ ဒသမ ၄ တန်ကျော်ကို မွေးမြူရေးခြံကြီးတစ်ခုအတွင်း၌ ကြာသပတေးနေ့က သိမ်းဆည်းနိုင်ခဲ့ကြောင်း ထိပ်တန်းလုံခြုံရေးအရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

ယင်းကိုကင်းများကို သယ်ယူရန် ပျံသန်းလာသော လေယာဉ်တစ်စင်းအား အက်ဖ် ၁၆ တိုက်လေယာဉ်များက ကြားဖြတ်ဖမ်းယူခဲ့ရာမှ အစပြု၍ ဤသို့ဖမ်းမိခြင်းဖြစ်သည်။

ဂွါရီကိုပြည်နယ်အလယ်ပိုင်း၌ရှိသော မွေးမြူရေးခြံ၏ ပတ်ပတ်လည်တွင် ကျန်ရှိနိုင်မည့်ကိုကင်းများကို တပ်ဖွဲ့ဝင်များက ဆက်လက်ရှာဖွေနေကြကြောင်း တရားရေးဝန်ကြီး တာရက်အိုက်စာမီက ပြောသည်။

ယင်းခြံကြီး၌ မသင်္ကာသူတစ်ဦးကို ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ကြပြီး ယင်းသို့ဖမ်းဆီးခြင်းနှင့် ပတ်သက်၍ အသေးစိတ်အကြောင်းအရာများကိုမူ ထုတ်ဖော်ပြောကြားခြင်းမပြုပေ။

ဗင်နီဇွဲလား လေတပ်မတော်မှ အက်ဖ် ၁၆ တိုက်လေယာဉ်နှစ်စင်းသည် ကင်း-၂၀၀ အမျိုးအစား ကုန်တင်လေယာဉ်တစ်စင်းကို ကြားဖြတ်ဟန့်တား၍ ဂွါရီကို လေယာဉ်ကွင်းသို့ ဆင်းသက်စေခဲ့ပြီး နောက်တစ်ရက်တွင် မွေးမြူရေးခြံကြီးတစ်ခုအတွင်း၌ မြှုပ်နှံထားသော ကိုကင်းများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေယာဉ်မှ ဝန်ထမ်းများထွက်ပြေးလွတ်မြောက်သွားကြောင်း၊ ၎င်းတို့သည် မက္ကဆီကိုနိုင်ငံမှ အင်အားကြီးမားသော မူးယစ်ဂိုဏ်းတစ်ခုအတွက် အလုပ်လုပ်ပေးကြသော မက္ကဆီကန်များ ဖြစ်ဟန်တူကြောင်း အိုက်စာမီက ပြောသည်။

အင်တာနက်။

ရန်လိုသောမျောက်တစ်ကောင်၏တိုက်ခိုက်မှု ဂျပန်မြို့နှစ်မြို့တွန်းလှန်နေရ

တိုကျို ဩဂုတ် ၂၉

ဂျပန်နိုင်ငံအလယ်ပိုင်းရှိ အပန်းဖြေမြို့ နှစ်မြို့ဖြစ်သော မီရှီးမားမြို့နှင့် ဆူဆိုနိုမြို့တို့၌ ပြီးခဲ့သည့်ရက်သတ္တပတ် အနည်းငယ်အတွင်း လူပေါင်း ၆၀ နီးပါးမျှ မျောက်တစ်ကောင်၏ ရန်ပြုကိုက်ခဲမှုကို ခံခဲ့ရကြောင်း ဩဂုတ် ၂၉ ရက်သတင်းများတွင်ဖော်ပြသည်။

မီရှီးမားမြို့တွင် ယင်းရန်လိုသော မျောက်၏ အန္တရာယ်သတိပေးချက်များကို အင်တာနက်ဝက်ဘ်ဆိုက်ပေါ်တွင် လွှင့်တင်



ထားပြီး ယင်းသတ္တဝါကို တွေ့ရှိခဲ့သော နေရာများကိုလည်း ဖော်ပြပေးကာ မြို့သူ၊ မြို့သားများအနေဖြင့် နေအိမ်တံခါးများ၊ ပြတင်းပေါက်များကို ပိတ်ထားကြရန် သတိပေးထားသည်။

တိရစ္ဆာန်ရုံဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များ အပါအဝင် တာဝန်ရှိသူ ၁၃၀ ခန့်တို့က အဆိုပါမျောက်ကို ဩဂုတ် ၂၈ ရက်တွင် ရှာပုံတော်ဖွင့်ခဲ့သော်လည်း တွေ့ရှိခြင်း မရှိသေးကြောင်း သတင်းတွင် ဖော်ပြထားသည်။

သို့ရာတွင် ဩဂုတ် ၂၇ ရက်မှစတင်၍ မျောက်ကိုက်ခံရသည့် သတင်းများ ထွက်ပေါ်လာခြင်းမရှိသောကြောင့် ယင်းမျောက်သည် ၎င်းကျက်စားနေထိုင်သည့် နေရာဖြစ်သော မီရှီးမားမြို့ပြင်ရှိ တောင်ခြေသစ်တောထဲသို့ ပြန်လည်ဝင်ရောက်သွားသည်ဟု တာဝန်ရှိသူများက ယူဆနေကြသည်။

မီရှီးမားမြို့ အာဏာပိုင်များက မျောက်ရှာပုံတော်ကို ဆက်လက်လုပ်ဆောင်လျက်ရှိပြီး ယင်းသတ္တဝါမြို့ထဲ ပြန်ဝင်လာပါက ဖမ်းဆီးရန် ထောင်ချောက်များချထားလျက်ရှိသည်။ အဆိုပါမျောက်သည် ဂျပန်နိုင်ငံတွင် အတွေ့များသော မာကာကေးဟုခေါ်သည့် မျောက်မျိုးစိတ် ***(ဝဲပုံ)*** ဖြစ်ပြီး မတ်တပ်ရပ်လျှင် သုံးပေမျှ မြင့်မားသည်။

အေပီ။

တူရကီနိုင်ငံတောင်ပိုင်း ရီဇီးပြည်နယ်တွင် ဩဂုတ် ၂၇ ရက်က ဖြစ်ပွားခဲ့သော မြေပြိုမှုကို တွေ့ရစဉ်။ *(ယင်းမြေပြိုမှုကြောင့် သေဆုံးသူ ၁၂ ဦးအထိ ရှိခဲ့ပြီဖြစ်ပြီး ရီဇီးပြည်နယ်၏ သမိုင်းတွင် အဆိုးရွားဆုံး သဘာဝဘေးဒဏ်ဖြစ်သည်။)*

နိုင်ငံတကာသတင်းများ

အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်ဖွဲ့ဝင်ခုနစ်ဦးသေဆုံး

ကဘူး ဩဂုတ် ၂၉

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ဩဂုတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးခဲ့ကြောင်း တနင်္ဂနွေနေ့ သတင်းများတွင် ဖော်ပြသည်။

အာဖဂန်တောင်ပိုင်း၌ ဩဂုတ် ၂၈ ရက်က ဖြစ်ပွားသော ဗုံးခွဲတိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးခဲ့ရပြီး တစ်နေ့တည်းမှာပင် အာဖဂန်အရှေ့ပိုင်းတွင် ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် တပ်ဖွဲ့ဝင်သုံးဦး ထပ်မံသေဆုံးခဲ့ကြောင်း နေတိုးတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

နောက်ဆုံးစာရင်း ဇယားများအရ ယခုလအတွင်း အာဖဂန်စစ်မြေပြင်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၄၂ ဦးအထိရှိခဲ့ပြီဖြစ်သည်။

ယင်းအပြင် အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဟာရတ်ပြည်နယ်၌ ပြန်ပေးဆွဲ အသတ်ခံရသော အာဖဂန်လူမျိုးငါးဦးတို့၏ ရုပ်အလောင်းများကိုလည်း ဩဂုတ် ၂၉ ရက်က ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အေပီ။

အမေရိကန်အကျဉ်းထောင်တစ်ခုတွင် အကျဉ်းသား ၂၀၀ ကျော်ပါဝင်သော ရန်ပွဲဖြစ်ပွား

ဆက်ကရာမင်တို ဩဂုတ် ၂၉

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်ရှိ ဖော်လ်ဆမ်အကျဉ်းထောင်တွင် ဩဂုတ် ၂၇ ရက်က အကျဉ်းသားများအကြား အဓိကရုဏ်းဖြစ်ပွားခဲ့ရာ အကျဉ်းထောင်အစောင့်များက သေနတ်ဖြင့် ပစ်ခတ်လူစု ခွဲမှုကြောင့် အကျဉ်းသားခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိခဲ့သူ အကျဉ်းသားခုနစ်ဦးအနက် သုံးဦးကို ဆေးရုံသို့တင်ပို့ခဲ့ပြီး ကျန်အကျဉ်းသားလေးဦးကိုမူ အကျဉ်းထောင်အတွင်း၌ပင် ကုသပေးလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ ဒဏ်ရာရရှိသူအကျဉ်းသားများအနေဖြင့် အသက်အန္တရာယ်ထိခိုက်နိုင်ဖွယ်မရှိဟု ယူဆရကြောင်း အကျဉ်းထောင်ပြောရေးဆိုခွင့် ရှိသူက ပြောကြားသည်။

ဖော်လ်ဆမ်အကျဉ်းထောင် အဓိကရုဏ်းတွင် အကျဉ်းသား ၂၀၀ ကျော်ပါဝင်သတ်ပုတ်ခဲ့ကြပြီး အဓိကရုဏ်းစတင်ဖြစ်ပွားသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဖော်လ်ဆမ်အကျဉ်းထောင်သည် လုံခြုံရေးတင်းကျပ်မှု အလယ်အလတ်အဆင့်ရှိ အကျဉ်းထောင်တစ်ခုဖြစ်ပြီး အကျဉ်းသားဦးရေ ၄၀၀၀ ခန့်ရှိသည်။ အကျဉ်းထောင်တွင်း အခြေအနေကို ထောင်အာဏာပိုင်များက ထိန်းသိမ်းနိုင်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အင်တာနက်။

ဗြိတိသျှပြတိုက်အတွင်း ဖြစ်ပွားသော ဓာတ်ငွေ့မတော်တဆမှု အဖြေမှန်ရှာ၍ မရနိုင်သေးဟုဆို

လန်ဒန် ဩဂုတ် ၂၉

ကမ္ဘာကျော်ဗြိတိသျှပြတိုက်တွင် လာရောက်ကြည့်ရှုကြသူ ၈၀၀၀ ကျော်ကို အဆိပ်အတောက် ဖြစ်စေတတ်သည်ဟု ယူဆရသော ဓာတ်ငွေ့တစ်မျိုး ပျံ့လွင့်နေခြင်းကြောင့် အရေးပေါ်ရွှေ့ပြောင်း ကယ်တင်ပြီးနောက် ယင်းပြတိုက်ကို ပြန်လည် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဩဂုတ် ၂၉ ရက် သတင်းများတွင် ဖော်ပြသည်။

သို့သော် အဘယ်ကြောင့် ယင်းဓာတ်ငွေ့များ ထွက်ပေါ်ခဲ့ရသည်ကို စုံစမ်းဖြေရှင်းနိုင်ခြင်း မရှိသေးကြောင်း ဗြိတိသျှပြတိုက်တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါဓာတ်ငွေ့မတော်တဆမှုတွင် မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ခဲ့ခြင်း မရှိကြောင်း သတင်းတွင် ဖော်ပြသည်။

လန်ဒန်မီးသတ်တပ်ဖွဲ့က လေးနာရီကြာမျှ ပြတိုက်အတွင်း စုံစမ်းစစ်ဆေးခဲ့သော်လည်း မည်သည့်ဓာတ်ငွေ့မျှ ပျံ့လွင့်ခြင်းမရှိဟု ဆိုသည်။ ၎င်းတို့ ရောက်ရှိသွားချိန်တွင် ယင်းဓာတ်ငွေ့များ လွင့်ပြယ်သွားခြင်းဖြစ်နိုင်ကြောင်း မီးသတ်တပ်ဖွဲ့တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အမေရိကန်နိုင်ငံက ၂၀၁၁ ခုနှစ်မှာ အီရတ် ဝန်ထုပ်ဝန်ပိုးကြီးကို လွှတ်ချခဲ့ပြီး စစ်နွံထဲက ရုန်းထွက်ဖို့ ကြံနေပါပြီ။ ၂၀၀၃ ခုနှစ်ကစပြီး လက်ရှိအချိန်အထိ အရပ်သား ၁၀၆၀၀၀ သေဆုံးခဲ့တယ်လို့ စာရင်းပေါက်ခဲ့တဲ့ အီရတ်စစ်ပွဲဟာ အမှန်ပဲ အဆုံးသတ်ခဲ့ပြီလားဆိုတာ စောကြောဖွယ်ပါ။ စစ်ပွဲမတိုင်ခင်ကာလ ဘုရှ်အစိုးရအဖွဲ့ ပြောကြားခဲ့သလို ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးကို အီရတ်ပြည်သူတွေအတွက် ဆောင်ကြဉ်းနိုင်ခဲ့ပြီလား ဆိုတာကတော့ မေးခွန်းထုတ်ဖွယ် ကောင်းလှပါတယ်။ ဒါ့အပြင် ယခုရက်သတ္တပတ်အတွင်း ကမ္ဘာ့သတင်းစာမျက်နှာတွေမှာ နေရာယူထားတဲ့ သတင်းတွေထဲမှာ အိန္ဒုမြစ်ရဲ့ ဒေါသမာန်ကို ရင်စည်းခံနေရတဲ့ ပါကစ္စတန်လည်း ပါပါတယ်။ ကမ္ဘာကြီးပူနွေးလာမှုဆိုတဲ့ အကြောင်းတရားရဲ့ အကျိုးဆက်ဖြစ်တယ်လို့ဆိုတဲ့ ပါကစ္စတန်ရေဘေးနဲ့ လူသားတို့ရဲ့အားပြိုင်ပွဲကလည်း မပြီးဆုံးနိုင်သေးပါဘူး။

အမေရိကန်အုပ်စိုးမှုကာလအလွန် အီရတ်အနာဂတ်

ဩဂုတ် ၂၅ ရက်မှာ ဖြစ်ပွားခဲ့တဲ့ အီရတ်နိုင်ငံတစ်ဝန်း ဗုံးခွဲတိုက်ခိုက်မှုတွေကြောင့် အမေရိကန်အစိုးရက ဒေါ်လာဘီလီယံနှင့်ချီပြီး အကုန်အကျခံ၊ တပ်ဖွဲ့ဝင် လေးထောင်ကျော်မျှ သေကျေ အဆုံးရှုံးခံပြီး ခုနစ်နှစ်ကျော်ကြာမျှ ဆင်နွှဲခဲ့တဲ့ အီရတ်စစ်ပွဲရဲ့ အဆုံးသတ်ရလဒ်က ဘာလဲဆိုတာ မေးခွန်းထုတ်ဖွယ်ရာ ရှိနေပါတယ်။

အီရတ်ပြည်သူတွေဘက်ကို ကြည့်ပြန်ရင်လည်း အီရတ်နိုင်ငံရဲ့ လက်ရှိပကတိဖြစ်တည်မှုဟာ သူတို့ရဲ့ နေ့စဉ်ဘဝအတွက် ရတက်မအေးဖွယ် အခြေအနေပါ။ အီရတ်ပြည်သူတွေမှာလည်း မေးစရာမေးခွန်းတစ်ရပ် ရှိနေပါတယ်။ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ စွမ်းဆောင်ရည် ညံ့ဖျင်းမှုကြောင့် အမေရိကန်တပ်တွေအားလုံး ထွက်ခွာခဲ့ရင် သူတို့ကို ဘယ်သူက အကာအကွယ်ပေးမလဲဆို တာပါပဲ။ လက်ရှိမှာတော့ အီရတ်ရှိ အမေရိကန်တိုက်ခိုက်ရေးတပ်ဖွဲ့တွေကို ရုပ်သိမ်းခဲ့ပေမယ့် တပ်ဖွဲ့ဝင် ၅၀၀၀၀ လျော့လျော့ ကျန်နေပါသေးတယ်။ အမေရိကန်အစိုးရရဲ့ မူဝါဒအနေနှင့်ကတော့ အဲ့ဒီတပ်ဖွဲ့တွေဟာ တိုက်ခိုက်ရေးတာဝန်တွေကို ထမ်းဆောင်မှာ မဟုတ်ဘူးလို့ ဆိုပါတယ်။ ဒါပေမယ့် အီရတ်မှာ ဖြစ်နေတဲ့အကြမ်းဖက်မှုတွေက အဲ့ဒီကျန်ရှိနေတဲ့ အမေရိကန်တပ်ဖွဲ့တွေကို တိုက်ခိုက်ရေးတာဝန်များ ထမ်းဆောင်ရမယ့် အခြေအနေဆီကို တွန်းပို့လိုက်နိုင်ပါတယ်။

ဩဂုတ် ၂၅ ရက် ဗုံးခွဲတိုက်ခိုက်မှုတွေရဲ့ လက်သည်ဟာ အယ်လ်ခိုင်ဒါလို့ပဲ ပြောပြော အီရတ် ဆွန်နီအုပ်စုတွေလို့ပဲဆိုဆို ထင်ထင်ရှားရှား သိမြင်နိုင်တာ တစ်ခုရှိပါတယ်။ အဲဒါကတော့ အီရတ်စစ်ပွဲ စတင်ဆင်နွှဲချိန်မှာ အမေရိကန်တို့ ပြောခဲ့တဲ့ အီရတ်ပြည်သူများ လွတ်မြောက်ရေးဆိုတာဟာ ဝါဒဖြန့် စကားလုံးသက်သက်ပဲလို့ ဆိုတာပါပဲ။

လက်ရှိအခြေအနေမှာ အီရတ်ပြည်သူတွေကို ကာကွယ်ဖို့ စစ်သွေးကြွတွေကို ရင်ဆိုင်ဖို့ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ အဆင်သင့် ဖြစ်နေပါပြီဆိုတဲ့ အမေရိကန်အစိုးရရဲ့ မျက်စိစုံမှိတ် ဆုံးဖြတ်မှုဟာ ရာနှုန်းပြည့် မှန်ကန်မယ် မဟုတ်ဘူးဆိုတာကို ဒီတိုက်ခိုက်မှုတွေက သက်သေပြနေပါတယ်။ တကယ်တော့ အီရတ်တပ်ဖွဲ့ဝင်တွေဟာ အီရတ်ပြည်သူတွေကို ကာကွယ်ဖို့ နေနေသာသာ သူတို့အသက်ကိုတောင် ဖက်နှင့်ထုပ်ထားရတဲ့ အခြေအနေပါ။ ဘာဖြစ်လို့လဲဆိုတော့ ဩဂုတ် ၂၅ ရက်မှာ ဖြစ်ခဲ့တဲ့ ဗုံးခွဲတိုက်ခိုက်မှုပေါင်း ၂၀ ဟာ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို ပစ်မှတ်ထား လုပ်ဆောင်ခဲ့တာပါ။

အီရတ်တာဝန်ရှိသူ အချို့ကတော့ ကိုယ့်အခြေအနေကိုယ် သိပုံရပါတယ်။ အီရတ် စစ်ဘက်အကြီးအကဲတစ်ဦးကဆိုရင် အီရတ်လုံခြုံရေးတပ်ဖွဲ့တွေဟာ ၂၀၂၀ ခုနှစ် (နောက်၁၀နှစ်) ထိတိုင် အဆင်သင့်ဖြစ်ဦးမှာ မဟုတ်ဘူးလို့ ဆိုပါတယ်။ နောက်ဆုံးတော့ ပြည်ပတပ်တွေ အီရတ်မြေပေါ်က ဖုတ်ဖက်ခါပြီး ထွက်သွားချိန်မှာ အီရတ်ပြည်သူတွေက ငြိမ်းချမ်းရေးအတွက် အများကြီး ပေးဆပ်ရပါဦးမယ်။

ကမ္ဘာကြီးပူနွေးလာမှုနှင့် တစ်ကျော့ပြန် အိန္ဒုကျိန်စာ

တစ်လနီးပါးမျှကြာအောင် သဲသဲမဲမဲရွာသွန်းခဲ့တဲ့ မုတ်သုံမိုးကြောင့်လို့ဆိုတဲ့ ရေလွှမ်းမိုးမှုတွေဟာ ပါကစ္စတန်မြောက်ပိုင်းကနေ တောင်ပိုင်းအထိ ကူးစက်ဖြစ်ပွားနေပါတယ်။ တစ်ချိန်က ပါကစ္စတန်ပြည်သူတွေဟာ အိန္ဒုမိခင်လို့ အမြတ်တနိုးခေါ်ခဲ့ကြတဲ့ မြစ်ကြီးဟာ ငြိုးသူရန်ဘက်သဖွယ် ပါကစ္စတန်တောင်ပိုင်းက မြို့ရွာတွေကို ရေတွေနဲ့ ဖုံးလွှမ်းပစ်ခဲ့တာကြောင့် ၂၁ ရာစုရဲ့ အကြီးမားဆုံး ဒုက္ခသည် ရွှေ့ပြောင်းမှုကြီးတွေကို ဖြစ်ပေါ်စေခဲ့ပါတယ်။အီတလီနိုင်ငံရဲ့ အရွယ်အစားတမျှရှိတဲ့ ဒေသတွေဟာ ရေအောက်ကိုရောက်ရှိခဲ့ပြီး ဒုက္ခသည် ခုနစ်သန်းကျော်တို့ ဘေးလွတ်ရာကို ပြောင်းရွှေ့ခဲ့ရတာပါ။

တကယ်တော့ ကမ္ဘာ့အစောဆုံးယဉ်ကျေးမှုတွေ သန္ဓေတည်ခဲ့ရာ အိန္ဒုမြစ်ကြီးဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀၀၀ ခန့် ကမ္ဘာကြီးပူနွေးနေတဲ့ ကာလမှာ အခုလိုပဲ ဇက်ချုပ်လို့မရတဲ့ မြစ်ရိုင်းကြီးတစ်ခု ဖြစ်ခဲ့ဖူးပါတယ်။ လွန်ခဲ့သည့် နှစ် ၄၀၀၀ ကျော် ကမ္ဘာကြီးပိုမိုအေးမြလာတဲ့ကာလမှာ သမုဒ္ဒရာတွေကနေ ရေခိုးရေငွေ့ပြန်တက်မှု လျော့နည်းလာတာကြောင့် မုတ်သုံရာသီအားလျော့ခဲ့ပါတယ်။

အဲဒီကာလ တွေကစပြီး အိန္ဒုမြစ်ရေစီးဆင်းမှုဟာ တည်ငြိမ်ခဲ့ပါတယ်။

ယခု ကမ္ဘာကြီးပူနွေးလာမှုက တစ်ကျော့ပြန်ရိုက်ခတ်လာတဲ့အချိန်မှာ မုတ်သုံရာသီပြန်အားကောင်းလာခဲ့ပြီး အိန္ဒုမြစ်ကြီးဟာလည်း လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀၀၀ ခန့်ကလို မြစ်ရိုင်းကြီးတစ်ခုအသွင် ပြန်ဖြစ်လာတယ်လို့ ပညာရှင်တွေက ဆိုပါတယ်။

တကယ်တော့ အိန္ဒုမြစ်ရေလျှံတက်မှုရဲ့နောက်ကွယ်မှာ မြစ်ကြောင်းစီမံခန့်ခွဲမှု အမှားအယွင်းများကဲ့သို့သော အကြောင်းရပ်များ ရှိနေနိုင်သော်လည်း အိန္ဒိယသမုဒ္ဒရာ ရေပြင်အပူချိန်နှင့် ဆက်နွှယ်နေတဲ့ မုတ်သုံရာသီအပြောင်းအလဲက အဓိကပါဝင်နေတယ်လို့ ပညာရှင်တွေ သုံးသပ်ပါတယ်။ ဒီတော့ ပါကစ္စတန်ပြည်သူ သန်း ၁၀၀ ကျော်တို့ရဲ့ အိန္ဒုမြစ်ကြီးဟာ ကမ္ဘာ့ရာသီဥတုအခြေအနေကိုလိုက်ပြီး အသွင်ပြောင်းတတ်တဲ့ မြစ်ကြီးတစ်စင်းဆိုတာ သမိုင်းက ပြောပြနေပါ တယ်။

ဗျည်းနှံ့

မြေအောက်တွင် ပိတ်မိနေသော ချီလီမိုင်းလုပ်သားများကို ကယ်တင်ရာတွင် အသုံးပြုမည့် စထရာတာ-၉၅၀ ဟိုက်ဒရောလစ်လွန်တူးစက်။

ပိတ်မိနေသော မိုင်းလုပ်သားများကို ကယ်ဆယ်ရေး ချီလီအင်ဂျင်နီယာများ စတင်ဆောင်ရွက်လျက်ရှိ

ဆန်တီယာဂို ဩဂုတ် ၂၉

မိုင်းတွင်းမြေအောက်၌ ပိတ်မိနေသော ချီလီမိုင်းလုပ်သား ၃၃ ဦးကို ကယ်တင်ရန် ချီလီအင်ဂျင်နီယာများက စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဩဂုတ် ၂၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

မီတာ ၇၀၀နက်သော မြေအောက်သို့ အသက်ကယ်တွင်းတူးဖော်မည့်လုပ်ငန်းများကို တနင်္လာနေ့တွင် စတင်မည်ဖြစ်ပြီး အချိန်လေးလခန့်ယူရဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ သို့ရာတွင် လက်ရှိတူးထားသော ထောက်ပံ့ရေးတွင်းငယ်တစ်တွင်းကို ချဲ့၍ တူးမည်ဆိုပါက မိုင်းလုပ်သားများရှိသည့်နေရာအထိရောက်ရှိရန် နှစ်လကြာ အချိန်ယူရဖွယ်ရှိကြောင်း ချီလီအင်ဂျင်နီယာက မျှော်လင့်ထားသည်။

အင်ဂျင်နီယာများ၏ အဆိုပြုချက်ကို ချီလီအစိုးရ ကျွမ်းကျင်သူများက လေ့လာသုံးသပ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မိုင်းလုပ်သားများကို ကယ်ဆယ်ရေးအတွက် စီမံချက်-ဘီ ဟု အမည်ပေးထားသော ကယ်ဆယ်ရေးအစီအစဉ်ကို ရေးဆွဲပြီးဖြစ်ကြောင်း ချီလီကျန်းမာရေးဝန်ကြီးက ဩဂုတ် ၂၈ ရက်တွင် ကြေညာခဲ့သည်။

အင်တာနက်။

ဗင်နီဇွဲလားကမ်းခြေစောင့် ရဟတ်ယာဉ်ပျက်ကျ

ကာရာကတ်(စ်) ဩဂုတ် ၂၉

ဗင်နီဇွဲလားနိုင်ငံ ကမ်းခြေစောင့်တပ်မှ ရဟတ်ယာဉ်တစ်စင်းသည် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်နေသူများကို ရှာဖွေဖမ်းဆီးရန် တာဝန်ထမ်းဆောင်နေစဉ် ပျက်ကျသဖြင့် တပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံးခဲ့သည်။

ဩဂုတ် ၂၇ ရက် ညနေပိုင်း၌ ရုရှားလုပ် အမ်အိုင်-၁၇ ရဟတ်ယာဉ်တစ်စင်းသည် ကိုလံဘီယာနှင့် နယ်နိမိတ်ချင်းဆက်နေသော အပူရီပြည်နယ် အနောက်တောင်ပိုင်းသို့ အရောက်တွင် ပျက်ကျခြင်းဖြစ်ကြောင်း ကမ်းခြေစောင့်တပ်မှ ဗိုလ်ချုပ်ကြီး လူးဝစ်အဲယ်လ်ဖရီဒို မော့တာက နိုင်ငံပိုင် ရုပ်မြင်သံကြား၌ာနသို့ ပြောကြားခဲ့သည်။

အင်တာနက်။

ခြင်ဆေးခွေအကြောင်း သိကောင်းစရာ

တင်ဝင်း
(ပိုးသတ်ဆေးဓာတ်ခွဲခန်း)

မြန်မာနိုင်ငံ၌ ပိုးသတ်ဆေးဥပဒေကို ၁၉၉၀ပြည့်နှစ်တွင် ရည်ရွယ်ချက်သုံးချက်ဖြင့် နိုင်ငံတော်အစိုးရက ထုတ်ပြန်ခဲ့ပါသည်။ ၎င်းတို့မှာ-

(၁) သုံးစွဲသည့်ပိုးသတ်ဆေးများ အရည်အသွေး မှန်ကန်စွာဖြင့် ထိရောက်မှုရှိခြင်း၊ (ဤအချက်သည် သုံးစွဲသူအပါအဝင် လယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ရန်ဖြစ်ပါသည်။)

(၂) လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အား အန္တရာယ်ရှိမှု နည်းစေခြင်း၊

(၃) ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲခြင်းကို ကြီးကြပ်ခြင်းနှင့် မှတ်ပုံတင်ထုတ်ပေးခြင်း၊ [ဤအချက်သည် အရည်အသွေး စစ်မှန်သော ပိုးသတ်ဆေးများထုတ်လုပ်သည့် (သို့မဟုတ်) ရောင်းချသည့် ကုမ္ပဏီများ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန် ဖြစ်ပါသည်။]

ပိုးသတ်ဆေးများ မှတ်ပုံတင်ခြင်းတွင် စိုက်ပျိုးရေးသုံးနှင့် ကျန်းမာရေးသုံး (လူနှင့် အိမ်မွေးတိရစ္ဆာန်များအပါအဝင်)ဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။ ကျန်းမာရေးသုံး ပိုးသတ်ဆေးများကို တစ်ဖန် ပြည်သူ့ကျန်းမာရေးနှင့် အိမ်တွင်းသုံး ပိုးသတ်ဆေးဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ ကျန်းမာရေးသုံး ပိုးသတ်ဆေးများဖြင့် လူနှင့်တိရစ္ဆာန်တို့တွင် အင်းဆက်ပိုးမွှားများမှတစ်ဆင့် ကူးစက်ဖြစ်ပွားသော အောက်ဖော်ပြပါ အင်းဆက်ရောဂါပိုးများကို ကာကွယ်နိုင်ပါသည်-

(၁) ပုလိပ်ရောဂါ (Plague)ကို ဖြစ်စေသော ကြွက်သန်းများ (Rat Flea)

(၂) ဒေါင့်သန်းရောဂါ (Anthrax)ကို ဖြစ်စေသော မြင်းတွင်ကျရောက်သော ယင်များ (Horse Fly)

(၃) ငှက်ဖျားရောဂါ (Malaria)ကို ဖြစ်စေသော ခြင်များ (Mosquito)

(၄) ဆင်ခြေထောက်ရောဂါ (Filaria)နှင့် သွေးလွန်တုပ်ကွေးရောဂါ (Dengue)ကို ဖြစ်စေသော ခြင်များ၊

(၅) ကာလဝမ်းရောဂါ (Dysentery)ကို ဖြစ်စေသော ယင်များ၊

(၆) တိုက်ဖွိုက်ရောဂါ (Typhoid)နှင့် အသားရောင်အသားဝါရောဂါ (Yellow Fever)ကို ဖြစ်စေသော ခြင်၊ ယင်နှင့် သန်းများ၊

(၇) အိပ်ငိုက်မျဉ်းရောဂါ (Sleeping Sickness)ကို ဖြစ်စေသော တက်စီယင် (Teste Fly)များ စသည်တို့ကို နှိမ်နင်းနိုင်ပါသည်။

ကျန်းမာရေးသုံးဆေးများတွင် Public Health တွင် သုံးသော ပိုးသတ်ဆေးနှင့် အိမ်တွင်းသုံးစွဲသော ပိုးသတ်ဆေးများ မတူညီကြပါ။ ဥပမာ- Public Health တွင် ခြင်ကာကွယ်ရန်သုံးစွဲသော DDT, Malathion, Diazinon, Fenitrothion စသော ဆေးများကို House Hold များအဖြစ် ခြင်ဆေးခွေများတွင် ထည့်သွင်းသုံးစွဲ၍ မရပါ။ အဘယ်ကြောင့်ဆိုသော် အိမ်တွင်းသုံး (House Hold Use) ဖြစ်သည့်အတွက် လူနှင့် အိမ်မွေးတိရစ္ဆာန်များပါ ပိုးသတ်ဆေးကို ထိတွေ့ရှူရှိုက်ရသဖြင့် အန္တရာယ်များသောကြောင့် ၎င်းပိုးသတ်ဆေးများထက် အန္တရာယ်နည်းသော Synthetic Pyrethroid အုပ်စုဝင် ဆေးများကိုသာ သုံးစွဲကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ ကန့်သတ်ထားပါသည်။

Public Health တွင် သုံးစွဲသော ဆေးများမှာ DDT, Malathion, Diazinon, fenitrothion, Dichlorvos, Propoxur, Temephos, Chlorpyrifos, Deltamethrin တို့ ဖြစ်ပါသည်။ House Hold Use တွင် သုံးစွဲသော ပိုးသတ်ဆေးများတွင် ဖော်စပ်နည်း (Formulation) အမျိုးမျိုးမှာ ခြင်ဆေးခွေ (Coil)၊ ခြင်ဆေးတိုင် (Stick)၊ လျှပ်စစ်အငွေ့ပျံ ကိရိယာ (Vapourizer) ဖြင့် သုံးစွဲနေသော (Mat) နှင့် မှုတ်ဆေးခေါ် (Aerosol)များ၊ ဖျန်းဆေး (Spray) များနှင့် လိမ်းဆေး (Lotion) တို့ ပါဝင်ပါသည်။ အထက်ဖော်ပြပါ ဖော်စပ်မှုပုံသဏ္ဌာန်များတွင် ထည့်သွင်းသုံးစွဲသော ဆေးများမှာ သုံးစွဲသူကို အန္တရာယ်နည်းစေသော (Synthetic Pyrethroid) များ ဖြစ်ပါသည်။ အထူးသဖြင့် ခြင်ဆေးခွေများကို သုံးစွဲလျှင် သုံးစွဲသူများပါ မီးခိုးငွေ့၊ အဆိပ်ငွေ့များကို ရှူရှိုက်ရသဖြင့် အန္တရာယ်များသည်။

ယင်းဆေးများအပြင် ခြင်ဆေးခွေများတွင် လူကိုအန္တရာယ်နည်းစေသော သဘာဝဆေးဂန္ဓမာပွင့်မှရသော Natural Pyerthrin များကိုလည်း ထည့်သွင်းအသုံးပြုနိုင်ပါသည်။

နိုင်ငံတိုင်းမှာ သက်ဆိုင်ရာအစိုးရများက ပြည်သူ့ကျန်းမာရေးအတွက် အလေးထားဆောင်ရွက်ကြသည့် လှုပ်ရှားမှုများအနက် ခြင်မကိုက်ရန် သို့မဟုတ် ခြင်မှတစ်ဆင့် ပေါက်ပွားလာမည့်ရောဂါများ မဖြစ်ပေါ်နိုင်စေရန် နိုင်ငံတော်အဆင့်က အတိုင်းအတာကြီးမားသော စီမံချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြသကဲ့သို့ တစ်ကိုယ်ရေကျန်းမာရေးအတွက် ပုဂ္ဂိုလ်တစ်ဦးချင်းစီက မိမိပတ်ဝန်းကျင်တွင် ခြင်ယင်ပိုးမွှားများ ကာကွယ်နှိမ်နင်းနိုင်ရေးကိုလည်း ဆောင်ရွက်ကြရသည်။ တစ်ကိုယ်ရေ ခြင်ကာကွယ်နှိမ်နင်းရေးအတွက် ခြင်ဆေးခွေများကို အသုံးပြုခြင်းသည် လူတိုင်းအတွက် အလွယ်တကူ လက်လှမ်းမီသောလုပ်ငန်းဖြစ်၍ ယခုအခါ ပြည်သူအများဆုံး အသုံးပြုလျက်ရှိကြောင်း တွေ့ရပါသည်။

ရှေးယခင်က ခြင်ဆေးခွေပြုလုပ်ရန်အတွက် (Pyrethrum Powder) ကို အများအပြား အသုံးပြုခဲ့ကြပါသည်။ နောင်တွင် Pynamin (allethrin) ကို အစားထိုးဆေးတု (Synthethic Pyrethroid) အဖြစ် တီထွင်အသုံးပြုခဲ့ပြီး ယခုအခါ ပို၍ကောင်းမွန်သော Pynamin Forte (D-allethrin) ကို အသုံးပြုနေပြီး ဖြစ်ပါသည်။ သမားရိုးကျပိုးမွှားကာကွယ် နှိမ်နင်းသည့် ဆေးများနှင့် နှိုင်းယှဉ်ကြည့်ပါက (Pynamin Forete) ဆေးတွင်ခွေအတွင်းရှိ အငွေ့ဖိအား သိပ်သည်းမှုကြောင့် အငွေ့ပျံနှုန်း (Diffusion Rate) မှာလည်း အထူးကောင်းမွန်သည့်အပြင် အပူချိန်ကိုလည်း တည်ငြိမ်စွာ ထိန်းထားနိုင်သည့်အပြင် ခြင်၊ ယင် ပိုးမွှားများကို လျှပ်တစ်ပြက် ထိခိုက်စေနိုင်သော အစွမ်းထက်သည့် အင်အားရှိပေသည်။ ခြင်ဆေးခွေ၏ ထိရောက်မှုများမှာ လူ့အသွေးအသားကို ဆာလောင်မွတ်သိပ်စွာ မှိုဝဲလို၍ ချဉ်းကပ်လာသည့် ခြင်များအား ဆေးခွေမီးရှို့သည့် အနံ့ကိုရသည်နှင့် တစ်ပြိုင်နက် အဝေးသို့ ရှောင်ပြေးစေသော ဟန့်တားမှုကြောင့်ပင် ဖြစ်ပေသည်။

ခြင်ဆေးခွေကို မီးရှို့လိုက်သည်နှင့် တစ်ပြိုင်နက် အောက်ပါအကျိုးအာနိသင်ကို ဖြစ်ပေါ်စေပါသည်-

၁။ ဟန့်တားမှု (Deterrency)
ပထမအာနိသင်မှာ ပတ်ဝန်းကျင်တွင်ရှိသောခြင်များကို အိမ်တွင်းသို့ မဝင်ရောက်လာစေရန် ဟန့်တားမှုအကျိုး ဖြစ်ပါသည်။

၂။ နှင်ထုတ်မှု (Expellency)
ဒုတိယအာနိသင်မှာ အိမ်ခန်းတွင်းရှိ ခြင်များကို အပြင်သို့ အလျင်အမြန် ရှောင်ပြေးစေခြင်း ဖြစ်ပါသည်။

၃။ ကြားဖြတ်တိုက်ထုတ်မှု (Interference in host Finding)
တတိယအာနိသင်မှာ အတွင်းသို့ရောက်ရှိနေပြီး သွေးဆာနေသော ခြင်များကို အနံ့ပေးပြီး ကြားဖြတ်တိုက်ထုတ်နိုင်မှုအကျိုး ဖြစ်ပါသည်။

၄။ ခြင်ကိုက်မှုကိုတားမြစ်ခြင်း (Bite Inhibition)
စတုတ္ထအာနိသင်မှာ ကိုက်နေသည့်ခြင်ကိုပင်လျှင် ဆေးငွေ့ဒဏ်ဖြင့် တုန်လှုပ်ရပ်တန့်စေခြင်း ဖြစ်ပါသည်။

၅။ လျှပ်တစ်ပြက်ရိုက်နှက်ခြင်း သို့မဟုတ် မူးလဲစေခြင်း (Knowck down)
ပဉ္စမအာနိသင်မှာ အင်အားကောင်းသော ခြင်ကိုပင်လျှင် အဆိပ်ငွေ့ဖြင့် လျှပ်တစ်ပြက် ရိုက်နှက်ပစ်သကဲ့သို့ ရပ်တန့်သွားစေနိုင်ခြင်း ဖြစ်ပါသည်။

၆။ ခြင်များကိုသေစေခြင်း (Kill)
ဆဋ္ဌမအာနိသင်မှာ မည်မျှအင်အားကောင်းသည့်ခြင်ကိုပင်လျှင် သေစေနိုင်သည့် အကျိုးသက်ရောက်မှုပင် ဖြစ်ပါသည်။

မူလအစတွင် ခြင်ဆေးခွေများကိုပြုလုပ်ရာ၌ (Pyrethrum) ဆေးမှုန့်၊ လွှစာမှုန့်နှင့် ဟင်းသီးဟင်းရွက်မှထွက်သည့် ကပ်စေးနဲ့တစ်မျိုးကို ရောမွှေပြီး ပြုလုပ်ခဲ့ကြပါသည်။ ယခုအချိန်တွင် ခြင်ဆေးခွေများပြုလုပ်ရာ၌ (Pyrethroid) အတုကို ဆေးအစစ် (Active Ingredient) ပစ္စည်းအဖြစ် အစားထိုး အသုံးပြုပြီး ဒေသန္တရအလိုက် အလွယ်တကူရနိုင်သော သစ်သားမှုန့် (လွှစာမှုန့်)နှင့် အရွက်မှုန့်များကို ပေါင်းစပ်ပစ္စည်းအဖြစ် အသုံးပြုနေကြပါသည်။ ဖော်ပြပါခြင်ဆေးနှင့် ပါဝင်ပေါင်းစပ်မည့် ပစ္စည်းအားလုံးကို စက်အတွင်း ထည့်သွင်းပြီး အချိုးကျအောင်ရောနှောပေါင်းစပ် ပြုလုပ်ရပါသည်။ ၎င်းနောက် (Extruder) စက်မှတစ်ဆင့် အောက်ခံပျဉ်ချပ်(Sheet) တစ်ခုပေါ်တင်ကာ ဆေးမခြောက်မီ ခရုပတ်ခွေများ ဖြစ်ပေါ်လာအောင် ဖောက်စက်ဖြင့် ဖောက်ပြီးမှ အခြောက်ခံထားရပါသည်။

ခြင်ဆေးခွေများ ဖော်စပ်ထုတ်လုပ်ရာတွင် သုံးစွဲသောပိုးသတ်ဆေးများကို ကုန်ကြမ်း (Technical Grade)ကို တိုက်ရိုက်ထည့်၍ မရပါ။ ကြားခံ Manufacturing Used Product (MUP) အဖြစ် Emulsifiable Concentrate (EC Formulation)ကို ရေဖြင့်ရော၍ ခြင်ဆေးခွေတွင်ပါဝင်သည့် အခြား ပစ္စည်းများနှင့် သမအောင်ရောမွှေရပါသည်။ ဥပမာ- D-allethrin အတွက် Pynamin Forte 90 EC ကိုလည်းကောင်း၊ Metofluthrin အတွက် Sumi one 5 EC ကိုလည်းကောင်း၊ Transfluthrin နှင့် Meperfluthrin အတွက် 50 EC ကိုလည်းကောင်း၊ ရေနှင့်ရော၍ လွှစာမှုန့်၊ အုံတုံမှုန့်၊ မီးလောင်စေသောပစ္စည်း (Burning Agent)၊ အရောင်နှင့် အမွှေးနံ့ (Fregrance)တို့ကို သမအောင် ရောမွှေရပါသည်။

တစ်ဖက်နိုင်ငံမှ ဝင်ရောက်လာသော ခြင်ဆေးခွေအချို့မှာ မီးထွန်းရန်တိုင်ဖြင့် ထွန်း၍မရပါ။ သို့ဖြစ်၍ အပူဒဏ်ခံ ကျောက်ဂွမ်း Asbestos Fiber များ ပြုလုပ်ထားသော မီးခံပြား ထည့်သွင်းပေးထားပြီး ခြင်ဆေးခွေကို ယင်းကျောက်ဂွမ်းပြားပေါ်တင်၍ ထွန်းညှိမှသာ ဆက်တိုက်မီးလောင်ပါသည်။ သို့ရာတွင် အချို့သော Asbestos Chemical များမှာ သုံးစွဲသူများ၏ ကျန်းမာရေးကို ထိခိုက်နိုင်သဖြင့် နိုင်ငံတကာမှာ သုံးစွဲမှု ပိတ်ပင်ထားပါသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံတွင် ပြည်ပမှ တရားမဝင် ခြင်ဆေးများ ဝင်ရောက်လာပါသည်။ အထက်ဖော်ပြပါ ခြင်ဆေးဘူးများတွင် အချို့မှာ ပါဝင်မှု ဆေးအမျိုးအစားပမာဏကို ဖော်ပြထားပြီး အချို့မှာ လုံးဝဖော်မပြထားပါ။ အထူးသဖြင့် တစ်ဖက်နိုင်ငံမှ ထုတ်လုပ်သော ကျင်းထုံခြင်ဆေးများတွင် ပါဝင်သော ဆေးအမျိုးအစားမှာ မြန်မာနိုင်ငံတွင် မှတ်ပုံမတင်ရသေးသော ပိုးသတ်ဆေးဖြစ်ပြီး ပါဝင်မှုပမာဏသည်လည်း WHO သတ်မှတ်ချက်များထက် (သုံးဆ)ခန့် ပါဝင်နေပါသည်။ မြန်မာနိုင်ငံတွင် ခြင်ဆေးခွေများ သုံးစွဲရန် မှတ်ပုံတင်ထားသော ဆေး(လေး)မျိုးမှာ-

၁။ D-allethrin

၂။ Es-biothrin

၃။ Metofluthrin

၄။ Prallethirn

တို့ဖြစ်ပြီး မကြာသေးမီက လာရောက်၍ မှတ်ပုံတင်သော ခြင်ဆေး (နှစ်)မျိုးမှာ-

၁။ Meperfluthrin

၂။ Transfluthirn တို့ ဖြစ်ပါသည်။

ယခုအချိန်တွင် ပြည်ပမှ တရားမဝင် ဝင်ရောက်လာသော ခြင်ဆေးခွေများကို သုံးစွဲသူနှင့် ပတ်ဝန်းကျင်အန္တရာယ်ရှိမှု၊ မရှိမှု ပါဝင်သော ဆေးအမျိုးအစားနှင့် ပါဝင်မှုရာခိုင်နှုန်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်) ပိုးသတ်ဆေးဓာတ်ခွဲခန်းမှ ဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကုန်သည်စက်မှုအသင်းချုပ်နှင့် တရုတ်ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ တွဲဖက် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်၊ ဗဟိုအလုပ်အမှုဆောင် ဒေါ်ခိုင်ခိုင်နွယ်၊ အလုပ်အမှုဆောင် ဦးကျော်သိန်းတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် Yunnan Academy of Social Sciences & Yunnan University မှ Professor, Mr.He Shengda ဦးဆောင်၍ အဖွဲ့ဝင်သုံးဦးပါ ကိုယ်စားလှယ်အဖွဲ့တို့သည် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

(ကြေးမုံ)

အင်းစိန် အမက(၄) ကျောင်းစာကြည့်တိုက်သို့ စာအုပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၉

အင်းစိန် အမက (၄) ကျောင်း ကျန်းမာရေးလှုပ်ရှားမှုအဖြစ် အာဟာရကျွေးပွဲနှင့် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၇ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ အလှူရှင် အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိတောင်တွင်းကြီး)က လှူဒါန်းရခြင်း အကြောင်းပြောကြား၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သိမ်းဝင်းနှင့် မိဘဆရာအသင်းနာယက ဦးဝင်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ထို့နောက် အလှူရှင် ဦးဘိုကြည်-ဒေါ်နော်ဂေးလီ မိသားစုက ကျောင်းစာကြည့်တိုက်အတွက် သတင်းစာ တစ်နှစ်စာနှင့် မဂ္ဂဇင်း ဂျာနယ် စာစောင်မျိုးစုံတို့ကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းပြီး ကျောင်းသား၊ ကျောင်းသူများအား နို့သာဂူအာဟာရများ တိုက်ကျွေးကြောင်း သိရသည်။

(ကြေးမုံ)

ဥတုရာသီ
တောက်ကိုမှီ၏

မန္တလေးမြို့၌ စဉ်ဆက်မပြတ် သူနာပြုပညာပေး ဟောပြောပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

သူနာပြုသားဖွားအသင်း (မန္တလေး) က ကြီးမှူး၍ စဉ်ဆက်မပြတ် သူနာပြုပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်းနှင့် သူနာပြုနှင့် သားဖွားအသင်း (မန္တလေး) ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်ခင်သိန်းတို့က အမှာစကားပြောကြားကြပြီး မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်ကြီးများနှင့် သူနာပြုအုပ် ဒေါ်အေးကြိုင်တို့ဦးစီးသော မန္တလေးမြို့ပေါ်ရှိ ဆေးရုံကြီးများနှင့် ကျန်းမာရေးဌာနများမှ သူနာပြုဆရာမ အင်အား ၁၇၀ ကျော် တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝမ်းတွင်းမြို့၌ ရက်ကန်းလုပ်ငန်းရှင်များနှင့် ဝန်ကြီး ဦးအောင်သောင်း တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၉

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယနေ့ နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ တိုးနယားခန်းမ၌ မြို့ပေါ်ရှိ ပတ်ဝန်းကျင်ဒေသ ရက်ကန်းစင် ၆၅၀၀ ကျော်မှ စက်ရက်ကန်းလုပ်ငန်းရှင် ၁၅၃ ဦး တို့နှင့်တွေ့ဆုံရာ ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် အထည်ထုတ်လုပ်မှု၌ နိုင်ငံတော်ပိုင်စက်ရုံအလုပ်ရုံများ သာမက ပုဂ္ဂလိကအထည်ထုတ်လုပ်ငန်းများပါ ပူးပေါင်းထုတ်လုပ်ကြမှသာ ပြည်တွင်းလိုအပ်ချက် ပြည့်မီမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက အထည်ထုတ်လုပ်မှုများ တိုးတက်လာခြင်းဖြင့် သွင်းကုန်အစားထိုးမှုလည်း ဖြစ်လာမည်ဖြစ်ကြောင်း၊ ယခုအခါ ငွေချည်(၆) ချည်မျှင်ရှည်ဝါကို ကမ္ဘာ့အဆင့်မီ အရည်အသွေးပြည့်ဝစွာ စိုက်ပျိုးထုတ်လုပ်နိုင်ပြီဖြစ်၍ အဓိက ကုန်ကြမ်း လိုအပ်ချက်ပြည့်စုံနေပြီ ဖြစ်ကြောင်း၊ အဆင့်မြင့် အရည်အသွေးပြည့်ဝသည့် ချည်ထည်ကောင်းများ ထုတ်လုပ်ရန် အခွင့်အလမ်းများ ပေးနေပြီဖြစ်ကြောင်း၊ နည်းပညာနှင့် အခြားလိုအပ်သော အကူအညီများကို နိုင်ငံတော်က ပံ့ပိုးကူညီပေးသွားမည် ဖြစ်ကြောင်းနှင့် စက်ရက်ကန်းတိုးမြှင့်ဆောင်ရွက်ရေး ဆိုင်ရာများကို ဆွေးနွေးမေးမြန်းသည်။

ထို့နောက် စက်ရက်ကန်းလုပ်ငန်းရှင်များက ကုန်ကြမ်းရရှိရေး၊ စက်မှုနည်းပညာ၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ချောပစ္စည်းဖြန့်ဖြူးနိုင်မှု အားနည်းချက် အားသာချက်များကို ကဏ္ဍအလိုက် စုံလင်စွာ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပုဂ္ဂလိကလုပ်ငန်းရှင်များအား အဆင့်မြင့် ချည်ထည်များ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းကူညီဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ဂျပန်နိုင်ငံ အထက်လွှတ်တော် အမတ်ဟောင်း H.E. Mr. Hideo WATANABE နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (လယ်/ဆည်)

ဂျပန်အထက်လွှတ်တော် အမတ်ဟောင်းနှင့်အဖွဲ့ ဝန်ကြီး ဦးဌေးဦးအား လာရောက်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်ဟောင်း H.E. Mr. Hideo WATANABE နှင့် အဖွဲ့ဝင်ငါးဦးပါဝင်သော Japan- Myanmar Friendship Parliamentarian League အဖွဲ့သည် ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့် ကွင်းဆင်းဆောင်ရွက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့် လောက်ကိုင်မြို့နယ် လုံထန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံနှင့် ဘောပင်တို့ကို ပေးအပ်လှူဒါန်းစဉ်။

(နယ်စပ်/စည်ပင်)

နေပြည်တော် ဩဂုတ် ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်သည် ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် ကွမ်းလုံမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်နှင့် နည်းပြများအားတွေ့ဆုံကာ ထူးချွန်ထက်မြက်သော လူငယ်များ ပေါ်ထွန်းလာစေရေး၊ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ယဉ်ကျေးလိမ္မာအောင် လေ့ကျင့်ပေးရေး၊ ရာသီသီးနှံနှင့် နှစ်ရှည်ပင်များ တိုးချဲ့စိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားပြီး ကျောင်းသားအိပ်ဆောင်၊ ဝန်ထမ်းအိမ်ရာနှင့် စားရိပ်သာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဖွံ့ဖြိုးမှုကြီးကြပ်ရေးအဖွဲ့ခွဲရုံး (ချင်းရွှေဟော်)သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားကာ မွန်းလွဲပိုင်းတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် လုံထန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၁၄၄ ဦး၊ ပါစင်ကျော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၄၄ ဦးနှင့် ဆီအောကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၂၁၄ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၄၀၂ ဦးတို့အတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံနှင့် ဘောပင်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသားများအား အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်သည်အထိ ထိရောက်စွာ သင်ကြားပေးရေးမှာကြားပြီး သင်တန်းခန်းမ၊ သင်တန်းသား အိပ်ဆောင်နှင့် စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဒေသခံတာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်း မှာကြားခဲ့သည်။

ဒုတိယ ညွှန်ကြားရေးမှူးချုပ်သည် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နယ်လှည့်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(လောက်ကိုင်)သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ နယ်လှည့်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (လောက်ကိုင်)မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း မြေနေရာလျာထားချက်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၀-၈-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	မိုးကုတ်ဆရာတော်ကြီး၏ထေရုပ္ပတ္တိ -ကျင့်ကြံအားထုတ်တရားအလုပ်
၇း၂၀	၄။	ဓမ္မပူဇာတေး
၇း၂၅	၅။	မျိုးချစ်တပ်မတော်
၇း၃၀	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	၅။	မျိုးချစ်တပ်မတော်
၄း၄၅	၆။	စိုက်ပျိုးသုတ
၄း၅၅	၇။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅း၃၀	၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-မိုးသောက်ကြယ် (အပိုင်း-၁၃)**
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၀	၁၃။	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၄၄)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	Talk Of The Town
	၂၀။	မေးမြန်းစူးစမ်း
	၂၁။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၂)**
	၂၄။	Mini Series
	၂၅။	သင့်အတွက်မနက်ဖြန်
	၂၆။	အပိတ်နှုတ်ဆက်စကား
	၂၇။	ပြီးပါပြီ။

ရေနံချောင်းမြို့၌ လမ်းလယ်ကျွန်းအလှဆင်

ရေနံချောင်း ဩဂုတ် ၂၉

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြေနီခင်တောင်ရပ်ကွက် လက်ပုံစံလမ်းလယ်ကျွန်းအတွင်း ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ရေပန်းများ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းက ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးလှထွေးတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (မြို့နယ်စည်ပင်)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ် လူသစ်
ဘဝသစ်

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့်ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

☆ **ရှေ့ဖုံးမှ**

နိုင်ငံတော် ဓာတ်အားကွန်ရက်မှ တစ်ဆင့် တစ်နိုင်ငံလုံးသို့ ဓာတ်အား ဖြန့်ဖြူးပေးရန်နှင့် ဒေသတွင်း လယ်မြေဧရိယာများစွာကို ဆည်ရေပေးဝေ နိုင်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် တည်ဆောက်နေခြင်းဖြစ်သည်။

စတင်ဆောင်ရွက်

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းသည် တောင်ငူမြို့၏ အရှေ့ဘက် ၁၄ မိုင်အကွာ သောက်ရေခပ် ချောင်းပေါ်တွင် တည်ရှိသည်။ သောက်ရေခပ်(၂) ရေအားလျှပ်စစ် တည်ဆောက်ရေးအတွက် ချဉ်းကပ်လမ်း ၈ ဒသမ ၆ မိုင်ဖောက်လုပ်ခြင်း၊ တံတား ၄၂ စင်းတည်ဆောက်ခြင်း၊ စီမံကိန်းလုပ်ငန်းသုံး လမ်းဖောက်ခြင်း ၃၂၅၈၆ ပေ၊ ကွန်ကရစ်လမ်း ဖောက်လုပ်ခြင်း ၁၂၅၁၂ ပေနှင့် အဆောက်အအုံ ၁၄၄ လုံး တည်ဆောက်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းမှာ သောက်ရေခပ်ချောင်းကိုပိတ်၍ တည်ဆောက်နေခြင်းဖြစ်သည်။ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေမှာ ၃၃ ဒသမ ၉ ဧကပေ သိန်းပေါင်းဖြစ်၍ တပ်ဆင်စက်အားမဂ္ဂါဝပ် ၁၂၀၊ နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မည့် ဓာတ်အား ၆၀၄ ကီလိုဝပ်သန်းပေါင်း၊ ဓာတ်အားလိုင်း ၂၃၀ ကေဗွီ ကိုးမိုင် ဖြစ်သည်။

အားကြိုးမာန်တက်

သောက်ရေခပ်(၂) ရေအားလျှပ်စစ် စီမံကိန်းတည်ဆောက်သည့်နေရာသို့သွားရောက်စဉ် ကျောက်သယ်ကားများ၊ မြေတူးစက်များ၊ မြေထိုးစက်များဖြင့် စက်အား၊ လူအားဖြင့် အားကြိုးမာန်တက် လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ ဆည်တည်ဆောက်ရာတွင် တမံများတွင် အသုံးပြုမည့်ကျောက်နှင့် မြေသား၊ မြစ်သဲကျောက်နမူနာများကို ရယူစုဆောင်းခြင်း၊ လေ့လာစူးစမ်းခြင်းများကို စတင်လုပ်ဆောင်ခဲ့သည်။ မြေသားဖြည့်တမံမှ ကွန်ကရစ်အားဖြင့် တမံ (CFRD) ပြောင်းလဲ တည်ဆောက်ရာ၌ ကျောက်မိုင်းသစ်များကို ရှာဖွေ၍ ကျောက်တည်ရှိမှုပမာဏ၊ ထုတ်လုပ်နိုင်မည့်ပမာဏ တိုင်းတာတွက်ချက်ပြီး ဓာတ်ခွဲခန်းစမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ကျောက်ထုတ်လုပ်ကွက်များအတွက် လမ်းဖောက်ခြင်း၊ တောရှင်းခြင်း၊ အပေါ်ယံမြေလွှာ ဖယ်ရှားခြင်း လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ရေလွှဲဥမင်နှင့် ရေယူဥမင် အူကြောင်းတစ်လျှောက် အောက်ခံကျောက်သားအခြေအနေကို ဆိုက်စမစ်တိုင်းတာခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။

33KV လိုင်း သွယ်တန်း

စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ဟင်းငုတ်ပင်၊ သံတောင်မြို့ ဓာတ်အားလိုင်းမှ 33KV လိုင်း သွယ်တန်းခြင်းကို အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။ စီမံကိန်းအတွင်း 11KV လိုင်းဆွဲသွယ်တန်းခြင်းကို လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ ပြီးစီးနေပြီဖြစ်၍ ရုံးခန်းနှင့် လူနေအိမ်များတွင် လျှပ်စစ်မီးလုံလောက်စွာ ရရှိနေပြီဖြစ်သည်။ စီမံကိန်းဧရိယာအတွင်း ရာသီမရွေးသွားလာနိုင်ရန်အတွက် ၂၄ ပေ အကျယ် ကွန်ကရစ်လမ်း ၁၂၅၁၂ ပေ ခင်းပြီးဖြစ်၍ ယာဉ်ယန္တရားများ လွယ်ကူစွာ သွားလာဖြတ်သန်းနေကြပြီဖြစ်သည်။ မိုးရာသီတွင် လွယ်ကူစွာ သွားလာနိုင်ရေးအတွက် သောက်ရေခပ်(၂)စီမံကိန်း အဝင်လမ်းအား ကျောက်ချောခင်းခြင်းလုပ်ငန်းကို ၄ ဒသမ ၅ မိုင် ခင်းပြီးဖြစ်သည်။ ရေမြုပ်ဧရိယာ တောရှင်းခြင်းလုပ်ငန်းကို ရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့အထိ ၁၃၇၇ ဧက ရှင်းလင်းပြီးစီးနေပြီဖြစ်သည်။

၆၀ ရာခိုင်နှုန်းပြီးစီး

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း တည်နေရာသို့ တောင်ငူမြို့မှ မြတ်စောညီနောင်ကားလမ်းမှတစ်ဆင့် သွားလာနိုင်သည်။ တောင်ငူမြို့ အရှေ့ဘက် ၁၄ မိုင်အကွာတွင် တည်ရှိသည်။ ယခုအခါ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းကို အသိပညာရှင်၊ အတတ်ပညာရှင် ဝန်ထမ်းပေါင်းစုံ ၂၀၀၀ ကျော်ဖြင့် တည်ဆောက်နေရာ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ အသိပညာရှင် အတတ်ပညာရှင်များက သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းကို ရေလှောင်တမံ တည်ဆောက်ခြင်း၊ တမံ ရေပိုလွှဲလုပ်ငန်း၊ ရေလွှဲဥမင်လိုဏ် တည်ဆောက်ခြင်းလုပ်ငန်း၊ ရေသွယ်ဥမင်လိုဏ် တည်ဆောက်ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံနှင့် ဆက်စပ်လုပ်ငန်းများ၊ ဖိအားမြင့် သံမဏိပိုက်လိုင်းတည်ဆောက်ခြင်း လုပ်ငန်း၊ ဓာတ်အားပေးစက်ရုံ လုပ်ငန်း၊ ၂၃၀ KV ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဆည်လုပ်ငန်းများကို တည်ဆောက်နေရာ ၂၀၁၂ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည် ဖြစ်သည်။ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးသွားပါက နှစ်စဉ်ပျမ်းမျှဓာတ်အား ၆၀၄ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်ပေးသွားမည်ဖြစ်သည်။ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော် ဓာတ်အားကွန်ရက်မှ တစ်ဆင့် တစ်နိုင်ငံလုံးသို့ ဓာတ်အား ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။ ။



ရေလွှဲဥမင် အဝင်ပိုင်းတွင် ရေထိန်းတံခါး ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

ရေလွှဲဥမင်လိုဏ် အတွင်းပိုင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

ရေခေါ်မြောင်းနှင့် ရေထိန်းတံခါး ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



စက်သုံးဆီအရောင်းဆိုင် မီးငြိမ်းသတ်ရေးသရုပ်ပြ

မော်လမြိုင်ကျွန်း ဩဂုတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဧရာရွှေဝါကုမ္ပဏီ၏ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်အား မီးသတိပြုရေးစစ်ဆေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း မီးငြိမ်းသတ်နည်းသရုပ်ပြပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီက ဘိုကလေးမြို့ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ယင်းမီးသတိပြုရေး စစ်ဆေးပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထွန်းသိန်းနှင့် မီးသတ်တပ်ဖွဲ့များ၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်အောင်မျိုးနှင့် အဖွဲ့ဝင်များက ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်တွင် စက်သုံးဆီသိုလှောင်မှု၊ ရောင်းချမှု၊ ဖြည့်တင်းမှုများတွင် လိုက်နာရမည့်အချက်များ၊ အရောင်းဆိုင်ဝန်ထမ်းများနှင့် လုံခြုံရေးဝန်ထမ်းများ လိုက်နာရမည့်အချက်များကို ဆွေးနွေးမှာကြား စစ်ဆေးရာ စက်သုံးဆီအရောင်းကိုယ်စားလှယ် ဦးညိမ်းမောင်က မီးဘေးကာကွယ်ရေး ကြိုတင်ဆောင်ရွက်ထားသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြု၍ ဇာတ်တိုက်လေ့ကျင့်ခြင်း မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြသကြသည်။

(၃၆၄)

ခြင်ဆေးခွေအသုံးပြုကြသော ပြည်သူများအတွက် သတိပေးထုတ်ပြန်ချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှ နည်းလမ်းမျိုးစုံဖြင့် ခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံ ဈေးကွက်အတွင်း ရောင်းချနေသော ခြင်ဆေးခွေအချို့မှာ တရားဝင်ပိုးသတ်ဆေး မှတ်ပုံတင် ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများဖြင့် ထုတ်လုပ်ထားသည်ကို စစ်ဆေးတွေ့ရှိရသည်။

မြန်မာနိုင်ငံပိုးသတ်ဆေးဥပဒေအရ ပိုးသတ်ဆေးမှတ်ပုံတင် အဖွဲ့တွင်လည်း တရားဝင်မှတ်ပုံတင်ခွင့်ပြုချက် ရယူထားခြင်းမရှိပါ။ ယင်းခြင်ဆေးခွေများတွင် အဆိပ်ရှိပစ္စည်းပါဝင်မှုပမာဏမှာလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားသော အမြင့်ဆုံးပါဝင်မှုပမာဏထက် ပိုမိုပါဝင်နေပါသဖြင့် အသုံးပြုသူများ၏ ကျန်းမာရေးကို ထိခိုက်နိုင်သည်။

သို့ပါ၍ အဆိုပါခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့် ပိုးသတ်ဆေးမှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်း များဖြင့် ထုတ်လုပ်ထားသည့် ခြင်ဆေးခွေများကို တင်သွင်းခြင်း၊ရောင်းချခြင်းတို့ကို တားဆီးအရေးယူခြင်းနှင့် သိမ်းဆည်း မှုပြုလုပ်ရန် (၁၈) ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အစည်းအဝေးမှ ဆုံးဖြတ်ထားကြောင်း သတိပေးထုတ်ပြန်လိုက်သည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ခေတ်မီ ဆေးထိုးသားဖောက်နည်းပညာ အသုံးပြု၍ အရည်အသွေးပြည့်ဝသော ငါးမျိုးကောင်းမျိုးသန့်များ မွေးမြူလာနိုင်

သတင်းဆောင်းပါး - ရဲဝင်းဆောင်(ကြေးမုံ)
ဓာတ်ပုံ - ငါးလုပ်ငန်းအဖွဲ့ချုပ်

ခေတ်မီဆေးထိုးသားဖောက်နည်းပညာဖြင့် ငါးသားပေါက်များ ထုတ်လုပ်လာနိုင်ခြင်းသည် ပြည်သူတို့၏ စားနပ်ရိက္ခာဖူလုံမှုအတွက် များစွာ အထောက်အကူဖြစ်စေသည်။ ထို့အပြင် ၎င်းနည်းပညာကို အသုံးပြု၍ ငါးမျိုးမြှင့်တင် သားဖောက်ခြင်းကိုလည်း လုပ်ဆောင်လျက်ရှိရာ မွေးမြူသူနှင့် စားသုံးသူများအကျိုးကို များစွာဖြစ်ပေါ်စေသည့် အရည်အသွေးပြည့်ဝသည့် မျိုးကောင်း၊ မျိုးသန့်ငါးများကို ရရှိလာခဲ့သည်။ တစ်ဖန် သဘာဝမြစ်ချောင်းအင်းအိုင်များအတွင်း ရှားပါးမျိုးသုဉ်းလုနီးပါးဖြစ်နေသည့် ငါးမျိုးစိတ်များကိုပင် သားပေါက်ထုတ်လုပ်လာနိုင်ခဲ့ပြီဖြစ်ရာ သဘာဝရေပြင်အတွင်းရှိ ငါးသယံဇာတပြုန်းတီးလျော့နည်းမှုကိုပါ ကာကွယ်ထိန်းသိမ်းရာရောက်သည်။

ယခုအခါတွင် ယင်းနည်းပညာကို ပုဂ္ဂလိကငါးသားဖောက်စခန်းများကပါ အောင်မြင်စွာ အသုံးချလာနိုင်ပြီဖြစ်သည်။ ထိုသို့ ခေတ်မီဆေးထိုးသားဖောက်နည်းပညာကို အသုံးပြု၍ ငါးသားပေါက် ထုတ်လုပ်မှုအခြေအနေနှင့်ပတ်သက်ပြီး ပုဂ္ဂလိကစခန်းတစ်ခုဖြစ်သည့် ရောဝတီခေတ်မီငါးသားဖောက်စခန်းကို ဦးဆောင်လုပ်ကိုင်လျက်ရှိသူ ဦးဝင်းကြိုင်က “ကျွန်တော့်စခန်းကနေပြီး ငါးမြစ်ချင်းကို ၂၀၀၂ခုနှစ်ကစပြီးမျိုးမြှင့်သားဖောက်နိုင်ခဲ့တယ်။ ဒီကနေ့ဆိုရင် ငါးမြစ်ချင်းဟာ လိုသလောက်ကို ထုတ်လုပ်ပေးနိုင်တဲ့အခြေအနေဖြစ်နေပြီ၊ ခုဆိုရင် သဘာဝထဲမှာ ရှားပါးနေပြီဖြစ်တဲ့ ငါးသိုင်းခေါင်းပွ၊ ငါးကြင်းဖြူစတဲ့ ငါးတွေကို စီးပွားဖြစ် အောင်အောင်မြင်မြင်ထုတ်လုပ်လာနိုင်ပြီ၊ ဖြန့်ဖြူးရောင်းချလာနိုင်ပြီ။ ငါးသိုင်းခေါင်းပွဆိုရင် လွန်ခဲ့တဲ့ လေးငါးနှစ်လောက်ကတည်းက အောင်အောင်မြင်မြင်ဖောက်နိုင်ခဲ့တယ်။ ငါးကြင်းဖြူဆိုရင် သားဖောက်အောင်မြင်တာ နှစ်နှစ်လောက်ရှိသွားပြီ။ ခုဆိုရင် အများကြီးထုတ်ပြီး အများကြီးရောင်းနိုင်တဲ့အဆင့်ဖြစ်သွားပြီ။ ပြည်ပငါးမျိုးတွေဖြစ်တဲ့ ငါးတန်တို့၊ ရေချိုငါးမုတ်တို့ အဲဒါတွေကိုလည်း အောင်အောင်မြင်မြင်နဲ့ သားဖောက်ထုတ်လုပ်နိုင်ပြီ။ တစ်ဖက်ကလည်း ရှားပါးငါးမျိုးတွေကို မျိုးထိန်းသိမ်းဖို့အတွက်နဲ့ အဲ့ဒီထက်ပိုပြီး စီးပွားဖြစ် ထုတ်လုပ်မွေးမြူနိုင်တဲ့အဆင့်ထိဖြစ်ဖို့ သုတေသနလုပ်ငန်းတွေလည်း တွဲပြီးလုပ်နေပါတယ်” ဟု ပြောကြားသည်။

ခရမ်းမြို့နယ်သည် မြန်မာနိုင်ငံ အောက်ပိုင်း၏ ငါးသားပေါက်လိုအပ်ချက်ကို အဓိက သားဖောက်မွေးမြူ၍ ထုတ်လုပ်ပေးနေသည့် မြို့နယ်တစ်ခုဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင်ရှိသည့် ငါးမွေးမြူရေးကန်များမှ အဓိကဝယ်ယူ မွေးမြူကြကြောင်း၊ ရောဝတီခေတ်မီငါးသားပေါက်စခန်းသည်လည်း ခရမ်းမြို့နယ်တွင် တည်ရှိပြီး မြန်မာနိုင်ငံ အောက်ပိုင်း၏ ငါးသားပေါက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိကြောင်းသိရသည်။

ခေတ်မီငါးသားဖောက်ခြင်းမှ ရရှိလာသည့်ထပ်ဆင့် အကျိုးကျေးဇူးမှာ မျိုးငါးများကို မျိုးမြှင့်တင်သားဖောက်ပေးနိုင်ခြင်းဖြစ်သည်။ မျိုးဟောင်းများနေရာတွင် မျိုးသစ်များကိုအစားထိုး၍ မျိုးမြှင့်တင်နိုင်ခဲ့သည့်အတွက် ရရှိလာသည့် ရလဒ်နှင့်ပတ်သက်၍လည်း “မြန်မာပြည်မှာအဓိကမွေးမြူနေတဲ့ ငါးမြစ်ချင်းပေ့ါ။ ရောဝတီမြစ်ထဲကရတဲ့ ငါးမြစ်ချင်းဟာ နှစ်သုံးဆယ်ကျော် ထပ်ပြန်တလဲလဲ သားဖောက်နေတော့ မျိုးကကျလာတယ်။ အဲလိုကျလာတဲ့မျိုးကို မျိုးပြန်မြှင့်ပေးတဲ့အနေနဲ့ ဧရာဝတီမြစ်ထဲကနေ ပြန်ပြီးတော့ ငါးမျိုးပြန်စုဆောင်းပြီး မျိုးမြှင့်ပေးတဲ့အလုပ်ကို ပုဂ္ဂလိကအနေနဲ့ အရင်ဆုံးစပြီး လုပ်ခဲ့တယ်။ အဲလိုလုပ်ခဲ့တာ ခုဆိုရင် ဒုတိယမျိုးဆက်ငါးမြစ်ချင်းအထိအောင် ဖောက်နိုင်တဲ့အဆင့်ထိဖြစ်လာတယ်။ သုံးနှစ်တစ်ကြိမ်မျိုးပြန်မြှင့်ပေးတယ်။ အဲလိုမျိုးမြှင့်လိုက်တဲ့အတွက် ရလဒ်က ကြီးနှုန်း၊ အရောင်အသွေး၊ အရည်အသွေးတို့ကောင်းမွန်လာတယ်။ ဝယ်လိုအားလည်းပိုကောင်းလာတယ်။ အဲ့ဒီအကျိုးကျေးဇူးတွေရလာတယ်”ဟု ဦးဝင်းကြိုင်က ရှင်းလင်းပြောကြားသည်။

ထိုသို့ မျိုးမြှင့်ခြင်းကို မလုပ်ဆောင်ခဲ့ပါက ရရှိလာမည့်ရလဒ်သည် ကြီးနှုန်းကျဆင်းခြင်း၊ ခန္ဓာကိုယ် ဖွဲ့စည်းတည်ဆောက်ပုံပြောင်းလဲခြင်း၊ အကြေးခွံဆူးတောင်များ အရောင်အသွေးပြောင်းလဲခြင်း၊ ကိုယ်ခံစွမ်းအားစနစ်ကျဆင်းပြီး ရောဂါဒဏ်ကို ခံနိုင်စွမ်းအားလျော့နည်းလာခြင်းစသည့် အားနည်းချက်များ ဖြစ်ပေါ်လာနိုင်သည်။ မျိုးမြှင့်တင်လိုက်ခြင်းဖြင့် ၎င်းအားနည်းချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း သိရသည်။

“ဧရာဝတီတိုင်းဒေသကြီးရဲ့ အချို့ဒေသမှာရှိတဲ့ အင်းတွေထဲမှာ သဘာဝကငါးနဲ့တင် မလုံလောက်တော့ဘူး။ မွေးမြူရေးငါးကို မျိုးစိုက်ထည့်လာကြတယ်။ အဲဒါက အစာမကျွေးရဘူး။ သဘာဝအတိုင်းထားပြီး မွေးတာဖြစ်တယ်။ ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ အချို့အင်းတွေရဲ့ ငါးသားပေါက် လိုအပ်ချက်ကို ရောဝတီ ငါးသားပေါက်စခန်းက မျိုးမြှင့်ထားတဲ့ ငါးတွေနဲ့သွားပြီး ဖြည့်ဆည်းပေးတယ်။ အဲဒါကိုက သဘာဝထဲမှာ မျိုးထိန်းသိမ်းပေးရာ ရောက်ပါတယ်။သဘာဝမှာ ငါးရှားသွားပြီဖြစ်တဲ့အတွက် အဲလို စိုက်ထည့်ပေးလိုက်တဲ့အခါ ငါးထုတ်လုပ်မှုကို တိုးတက်လာစေတယ်။ပြီးတော့ ဒီငါးတွေက မျိုးမြှင့်အောင်လုပ်ထားတဲ့၊ မျိုးဆက်ကောင်းအောင်လုပ်ထားတဲ့ငါးတွေဖြစ်တဲ့အတွက် ဒီငါးတွေ အင်းထဲမှာ ပေါက်ခြင်းဖြင့် သဘာဝထဲက ငါးတွေကိုပါ မျိုးမြှင့်ပေးရာရောက်တယ်အင်းရဲ့ထုတ်လုပ်မှုကိုလည်း ကောင်းလာမှာဖြစ်တယ်”ဟု မျိုးမြှင့်ထားသည့် ငါးများ အင်း၊ အိုင် စသည့် သဘာဝရေပြင်အတွင်း စိုက်ထည့်ခြင်း၏ အကျိုးရလဒ်နှင့် ပတ်သက်၍ ဦးဝင်းကြိုင်က ရှင်းပြသည်။

ရောဝတီငါးသားဖောက်စခန်းအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး အင်းရဲကြီးအင်းထဲသို့ တစ်နှစ်လျှင်(ငါးဖြန်းကောင်ရေ) ၁၄သိန်းမှ၁၅သိန်းကြား မျိုးစိုက်ထည့်ပေးကြောင်း၊ အခြားအင်းများထဲသို့ ငါးသိန်းမှ ခြောက်သိန်းဝန်းကျင် စိုက်ထည့်ပေးကြောင်း၊ အင်းများထဲသို့တစ်နှစ်လျှင် မျိုးစိုက်ထည့်သည့် အရေအတွက်မှာ သိန်း ၃၀မှ သိန်း ၄၀ကြားရှိကြောင်း၊ နှစ်စဉ် စိုက်ထည့်ပေးခြင်းဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ရောဝတီမြစ်အတွင်း ရှားပါးမျိုးသုဉ်းလုဖြစ်နေသည့် ငါးမျိုးစိတ်များ စမ်းသပ်သားဖောက်ခြင်းနှင့်ပတ်သက်၍ လည်း

“ရောဝတီမြစ်ထဲမှာ ရှားပါးမျိုးသုဉ်းစပြုနေပြီဖြစ်တဲ့ ငါးအုံးတုံ၊ ငါးနက်ပြာဆိုတဲ့ ငါးမျိုးတွေလည်း စမ်းသပ်သုတေသနပြုပြီး သားဖောက်တဲ့လုပ်ငန်းလုပ်နေပါတယ်။ ဧရာဝတီမြစ်ပတ်ဝန်းကျင်နဲ့ မြစ်ဝကျွန်းပေါ်ဒေသတစ်ဝိုက်က မျိုးငါးတွေ စုဆောင်းပြီး သုတေသနပြုနေပါတယ်။နောက်ပြီးတော့ မြန်မာနိုင်ငံပေါက်ဈေးမှာ တစ်ပိဿာ ကျပ်တစ်သောင်းကျော် ပေါက်ဈေးရှိတဲ့ ငါးကြောင်းဆိုတဲ့ ငါးမျိုးကိုလည်း စုဆောင်းထားပြီး သားဖောက်နိုင်ဖို့အတွက်လုပ်နေတယ်။ သားဖောက်နိုင်တဲ့အဆင့်ကနေ မွေးမြူနိုင်တဲ့ အဆင့်ထိရောက်အောင် သုတေသနလုပ်ငန်းတွေကိုလည်း ရောဝတီငါးသားဖောက်စခန်းက ဆက်လက်ဆောင်ရွက်နေပါတယ်” ဟု ရှင်းပြသည်။

ဤကဲ့သို့ သဘာဝရေပြင်အတွင်းရှိ မျိုးသုဉ်းနိုင်သည့်ငါးမျိုးစိတ်များကိုလည်း သားဖောက်နိုင်ရန်အတွက် စမ်းသပ်သုတေသနပြုမှုများလုပ်ဆောင်လျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းလိုသူ၊ ငါးသယံဇာတပြုန်းတီးမှုမဖြစ်ပေါ်စေရန် တားဆီးကာကွယ်ခြင်းတို့ကို လုပ်ဆောင်လိုသူများနှင့်အဖွဲ့အစည်းများအနေဖြင့် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း ပြုလုပ်လိုပါက ငါးသားဖောက်ခြင်းအတွက် ကုန်ကျခဲ့ရသည့် ကုန်ကျစရိတ်ကိုသာ ကျခံစေပြီး ပူးပေါင်းပါဝင်လုပ်ဆောင်ပေးရန်လည်း အစီအစဉ်ရှိကြောင်း ဦးဝင်းကြိုင်က ပြောကြားသည်။ ယင်းနှင့်ပတ်သက်၍ “သဘာဝပတ်ဝန်းကျင်ထိခိုက်ပြောင်းလဲမှုမဖြစ်စေဖို့ဆိုပြီး သဘာဝထဲကို ငါးမျိုးပြန်စိုက်ထည့် ပေးချင်တဲ့သူရှိခဲ့ရင် ငါးမြစ်ချင်း၊ ငါးနက်ပြာ၊ ငါးအုံးတုံ၊ ငါးသိုင်းခေါင်းပွ၊ ငါးကြင်းဖြူအစရှိတဲ့ သဘာဝရေပြင်မှာ ရှားပါးနေပြီဖြစ်တဲ့ ငါးမျိုးတွေကို သဘာဝထဲ လွှတ်ပေးနိုင်အောင် သား ဖောက်ပေးလို့ရပါတယ်။ ဒီအလုပ်ကို စိတ်ဝင်စားသူ မည်သူမဆိုနဲ့ ပူးပေါင်းပြီး အကျိုးအမြတ်ကိုမယူဘဲ သဘာဝထဲကို ငါးပြန်လွှတ်ပေးဖို့အတွက် ရောဝတီငါးသားဖောက်စခန်းက လုပ်ပေးသွားပါမယ်”ဟု ၎င်းကထပ်မံပြောကြားသည်။ ရောဝတီခေတ်မီငါးသားဖောက်စခန်းသည် ၁၉၈၀ ခုနှစ်မှစတင်၍ ငါးသားဖောက်လုပ်ငန်းကို လုပ်ကိုင်ခဲ့ခြင်းဖြစ်ပြီး ယနေ့အချိန်တွင် ဈေးကွက်အတွင်း လိုအပ်ချက်ရှိသည့် ငါးမျိုးများကိုသာမက သဘာဝရေပြင်အတွင်း ရှားပါးမျိုးသုဉ်းလုဖြစ်နေသည့် ငါးမျိုးစိတ်များစွာကိုပင် စမ်းသပ်သားဖောက်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ငါးသားဖောက်စခန်းများအနေဖြင့် အောင်မြင်စွာ သားပေါက်ထုတ်လုပ်လာနိုင်မှုရလဒ်နှင့်ပတ်သက်၍ ဦးဝင်းကြိုင်က“ကိုယ်လိုပါပဲ အခြားစခန်းတွေကလည်း အောင်မြင်စွာသားဖောက်လာနိုင်မယ်ဆိုရင် သဘာဝထဲကငါးကို မတို့မထိပဲထားလို့ရပြီ။ ပြန်လွှတ်မယ်ဆိုရင်တောင် ကျွန်တော်တို့ဖောက်တဲ့ငါးကို မျိုးသန့်မသန့်စိစစ်ပြီး မျိုးစိုက်ထည့်နိုင်တယ်။ သဘာဝထဲကို ပြန်လွှတ်ပေးလို့ရတဲ့အခြေအနေထိဖြစ်သွားပြီ”ဟု သုံးသပ်ပြောကြားသည်။

မျက်မှောက်ကာလတွင် ခေတ်မီဆေးထိုးနည်းပညာကို အသုံးပြု၍ ငါးသားဖောက်ခြင်းကို မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနအောက်ရှိ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အောင်မြင်စွာလုပ်ဆောင်လျက်ရှိ သည့်အပြင် ပုဂ္ဂလိကအပိုင်းကလည်း ပါဝင်လုပ်ကိုင်လာကြသည်ဖြစ်ရာ ယနေ့အောင်မြင်နေပြီဖြစ်သော ၎င်းနည်းပညာသည် ရှေးယခင်က သဘာဝရေပြင်အတွင်းရှိ ငါးသားပေါက်များကို စုဆောင်းမွေးမြူရသည့်နေရာတွင် အစားထိုးလာနိုင်ခြင်း၊ အရည်အသွေးပြည့်ဝသည့် ငါးမျိုးကောင်းမျိုးသန့်များ မွေးမြူလာနိုင်ခြင်း၊ မျိုးသုဉ်းရှားပါးနေပြီဖြစ်သည့် ငါးမျိုးစိတ်များကိုပင် အောင်မြင်စွာ သားဖောက်မွေးမြူလာနိုင်ခြင်းစသည့် ရလဒ်ကောင်းများကို ပိုင်ဆိုင်ထားပြီဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

မွေးမြူရေးအတွက် ငါးသားပေါက် အများအပြား ထုတ်လုပ်ပေးနေသည့် ခရမ်းမြို့နယ် ကမာမတ်ရှိ ရောဝတီခေတ်မီငါးသားဖောက်စခန်း။

ငါးသားပေါက်များ ထားရှိရာ Hatching Jar များ။

ငါးမြစ်ချင်း မျိုးသစ်၊ မျိုးဟောင်း ကွာဟချက်ကို နှိုင်းယှဉ် ပြသထားစဉ်။

မျိုးကောင်း၊ မျိုးသန့် ငါးသားပေါက်များ ထုတ်လုပ်နိုင်ရန်အတွက် မျိုးငါး ရွေးချယ်နေစဉ်။

ဝန်ကြီး ဦးဌေးဦး ပြည်ပမှ စိုက်ပျိုးရေးဒီပလိုမာ သင်ကြားလေ့လာခဲ့သူများအား တွေ့ဆုံမှာကြား

နေပြည်တော် ဩဂုတ် ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ အစ္စရေးနိုင်ငံ၌ စိုက်ပျိုးရေးဒီပလိုမာ စာတွေ့လက်တွေ့လေ့လာပြီး ပြန်လည်ရောက်ရှိလာကြသော အဖွဲ့အား ဩဂုတ် ၂၇ ရက် ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးက သင်တန်းမှလေ့လာရရှိခဲ့သည့် အသိပညာ၊ အတတ်ပညာတို့ဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် သင်တန်းတက်ရောက်ခဲ့ကြသော သင်တန်းသားနှင့် သင်တန်းသူ တစ်ဦးစီတို့က လုပ်ငန်းအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြသည်။

အစ္စရေးနိုင်ငံ AICAT သင်တန်းဌာနသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းဆင်း သင်တန်းသားများ စုစုပေါင်း ၄၅ ဦးတို့သည် စိုက်ပျိုးရေးဒီပလိုမာ ၁၀ လကြာ သင်ကြားလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး အစ္စရေးနိုင်ငံ၌ စိုက်ပျိုးရေးဒီပလိုမာ လေ့လာခဲ့သူများအား တွေ့ဆုံမှာကြားစဉ်။
(လယ်/ဆည်)

ဝန်ကြီး ဦးမောင်မောင်ဆွေ မီးသတ်တပ်ဖွဲ့ နည်းပညာနှင့် သုတေသနအဆောက်အအုံ ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ မီးသတ်တပ်ဖွဲ့ နည်းပညာနှင့် သုတေသနအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ စမ်းချောင်းမြို့နယ်ရှိ မီးသတ်တပ်ဖွဲ့ နည်းပညာနှင့် သုတေသနအဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(မီးသတ်)

ရှေးဦးစွာ ဝန်ကြီးအား ဆောက်လုပ်ရေးလုပ်ငန်း တာဝန်ခံအင်ဂျင်နီယာက အဆောက်အအုံ ဆောက်လုပ်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက အဆောက်အအုံ ဆောက်လုပ်ရာ၌ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရေး၊ အသုံးပြုပစ္စည်းများ အရည်အသွေးပြည့်မီ မှန်ကန်ရေးနှင့် အချိန်မီ ပြီးစီးရေး အလေးထား ဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀-၈-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	၂။	နံနက်ခင်းသတင်း
၇း၄၀	၃။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၄။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၀၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀	၇။	ရွှေလီတံတား (နမ့်ခမ်း)
၈း၃၀	၈။	အတီးပြိုင်ပွဲ
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပဒေသာ
၄း၂၀	၃။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၄း၃၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၅၀	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀	၆။	တေးဂီတအစီအစဉ်
၅း၁၅	၇။	မြန်မာစာ၊ မြန်မာစကား
၅း၃၅	၈။	မြန်မာတေးသံရှင် ရွေးချယ်ပွဲ
၆း၀၀	၉။	ညနေခင်းသတင်း
၆း၁၅	၁၀။	မိုးလေဝသအခြေအနေ
၆း၂၀	၁၁။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ--ကိုယ့်ချစ်သူ" (အပိုင်း-၁၂)**
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံတော်အတွက် ထာဝရသစ္စာ (စောမင်းနောင်နှင့်အဖွဲ့၊ တေးရေး-စန္ဒရားကွန်းဇော်)
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ)(အပိုင်း-၂၂)**
	၁၈။	"သုခုမရင်ပြင်"
	၁၉။	အစီအစဉ်ပြီး၏။

မူးယစ်ဆေးဝါး အလွဲသုံးမှု ကြိုတင်ကာကွယ်ရေးဟောပြောပွဲ သာယာဝတီနှင့် သုံးဆယ်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

မူးယစ်ဆေးဝါး အလွဲသုံးမှု ကြိုတင်ကာကွယ်ရေးဟောပြောပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီတွင် သာယာဝတီအထက၌ လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် သုံးဆယ်အထက၌ လည်းကောင်း ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုကော်မတီဥက္ကဋ္ဌ ဦးစံသိန်း**(အပေါ်ပုံ)**က အမှာစကား ပြောကြားပြီး ငွေကြယ်ပွင့် လူငယ်ကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်က ရည်ရွယ်ချက်ကို ဟောပြောကာ သာယာဝတီခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးတင်ရွှေက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (မူးယစ်)

ဆုချီးမြှင့်

ဩဂုတ် ၂၅ ရက်က အထက(၁) မရမ်းကုန်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသော မသင်းဆုလှိုင်အား ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်အေး ဆုချီးမြှင့်စဉ်။
(ပညာရေး)

ကြွက်ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် မျိုးပွားနှုန်း မြင့်မားလာခြင်း၊ ဒေသနှင့် ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် ရိုးမအတွင်း အစားအစာရှားပါးလာသဖြင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများ ရှိရာမြေပြန့်သို့ အုပ်စုလိုက်ရွှေ့ပြောင်း၍ ပျိုးခင်းမှစပါးစေ့နှင့် ပျိုးပင်ငယ်များကို စားသောက်ဖျက်ဆီးနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ကြွက်ကျရောက်ဖျက်ဆီးပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည် -

- လူနေအိမ်နှင့် စိုက်ခင်းများတွင် ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုး အသုံးပြုနှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြရန် နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျောက်စုဆောင်း

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြ(ငွေလုံး)လုပ်ငန်းဖြင့် ဆောင်ရွက်လျက်ရှိသော မှတ်တိုင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအတွက် ကျောက်စုဆောင်းထားရှိမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးတင်ကိုကိုနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအေးမင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

Southern ကို သရေသာကစားနိုင်ခဲ့သည့် ရန်ကုန်ယူနိုက်တက်

ရန်ကုန် ဩဂုတ် ၂၉

၂၀၁၀ MNLအမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၁၄)ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် Southern Myanmar အသင်းတို့ ဂိုးမရှိ သရေကျသွားသည်။

ရန်ကုန်ယူနိုက်တက်-ဂိုးမရှိ
Southern Myanmar - ဂိုးမရှိ

ရန်ကုန်ယူနိုက်တက်အသင်းနှင့် တွေ့ဆုံတိုင်း အခက်တွေ့အောင်လုပ်လေ့ရှိသည့် Southern Myanmar အသင်းမှာယခုပွဲတွင်လည်း ရန်ကုန်ယူနိုက်တက်အသင်းထံမှ အမှတ်ခွဲယူနိုင်ခဲ့သည်။ စတုတ္ထနေရာတွင် ရပ်တည်နေသည့် ရန်ကုန်ယူနိုက်တက်အသင်းမှာ ထိပ်ဆုံးသုံးသင်းကို အမီလိုက်ရန် အားထည့်ကစားခဲ့သော်လည်း ယခုပွဲတွင် သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသောကြောင့် ထိပ်ဆုံးမှ ရတနာပုံအသင်းနှင့်တစ်ပွဲလျော့ ရှစ်မှတ်ကွာဟသွားခဲ့သည်။ ပထမအကျော့က နှစ်ဂိုးပြတ်ဖြင့်အနိုင်ရရှိထားသည့် ရန်ကုန်ယူနိုက်တက်အသင်းမှာ ယခုဒုတိယအကျော့တွင် ထပ်မံအနိုင်ရရှိရန် အခွင့်အရေးများရရှိခဲ့သော်လည်း တိုက်စစ်မှူးများ အဆုံးသတ်အားနည်းခဲ့၍ သရေဖြင့်ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

အချိတ်အဆက်လွဲ

ရန်ကုန်ယူနိုက်တက်အသင်းမှာ ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သလို Southern အသင်းကလည်း အကောင်းဆုံးပြန်လည်တုံ့ပြန်နိုင်ခဲ့သည်။ Southern အသင်းမှာ ရန်ကုန်တိုက်စစ်ကို ကွင်းလယ်မှဖြတ်တောက်ကစားခဲ့ပြီး ရန်ကုန်ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ရန်ကုန်အသင်း၏ တိုက်စစ်ကစားပုံမှာ အချိတ်အဆက်လွဲနေခဲ့ပြီး နိုင်ဂျီးရီးယားတိုက်စစ်မှူး ချာလက်စ်အိုဘီအပိုင်အခွင့်အရေးနှစ်ကြိမ်ကို အသုံးမချနိုင်ခဲ့ပေ။ ပထမပိုင်းတွင် Southern ဂိုးသမား ဇာနည်မင်းနဖူးကွဲဒဏ်ရာရပြီး လူစားလဲခဲ့ရသလို တိုက်စစ်မှူး ဆီတာမှာလည်း ၂၄ မိနစ်တွင် ခြေသလုံးရိုးကျိုး ဒဏ်ရာရရှိခဲ့သည်။ ဒုတိယပိုင်းတွင် ကွင်းလယ်လူ ရဲထွန်းနိုင်နှာခေါင်းရိုးကျိုးသွားခဲ့ရာ Southern အသင်းမှာ အမာခံကစားသမားများ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်သွားရသည်။

ဒုတိယပိုင်းတွင် ရန်ကုန်အသင်း တိုက်စစ်အားမြှင့်ပြီး အနိုင်ဂိုးရရှိရန်ကြိုးစားခဲ့သော်လည်း Southern နောက်တန်းကို မကျော်နိုင်ခဲ့ပေ။ လီယိုနာဒို၊ ချာလက်စ်အိုဘီနှင့် ဒေးဗစ်ဒါရိုချာတို့ အခွင့်အရေးများကို အသုံးမချနိုင်၍ နိုင်ပွဲနှင့်လွဲခဲ့ရခြင်းဖြစ်သည်။

ယနေ့ပွဲ
(သုဝဏ္ဏကွင်း)
ဉဿာယူနိုက်တက်-ဇွဲကပင်ယူနိုက်တက်

(ကြေးမုံ)

ရန်ကုန်တိုက်စစ်မှူး ချာလက်စ်အိုဘီ၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို Southern နောက်ခံလူနှင့် ဂိုးသမားတို့ ကာကွယ်စဉ်။

ကမ်းရိုးတန်းဒေသများ မိုးပိုနေမည်

နေပြည်တော် ဩဂုတ် ၂၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သံတွဲမြို့တွင် ၉ ဒသမ ၂၂ လက်မ၊ ဘီးလင်းမြို့ တွင် ၇ ဒသမ ၃၂ လက်မ၊ သိမ်ဇရပ်မြို့တွင် ၇ ဒသမ ၀၅ လက်မ၊ ပေါင်မြို့တွင် ၆ ဒသမ ၃၀ လက်မ၊ တောင်ကုတ်မြို့တွင် ၅ ဒသမ ၄၃ လက်မ၊ ဇောင်းတူမြို့တွင် ၅ ဒသမ ၃၆ လက်မ၊ ကျောက်ဖြူမြို့တွင် ၅ ဒသမ ၀၈ လက်မ၊ မော်လမြိုင်မြို့တွင် ၄ ဒသမ ၆၅ လက်မ၊ ညောင်တုန်းမြို့တွင် ၄ ဒသမ ၁၅ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၈၁ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၅၈ လက်မ၊ မုဒုံမြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၃ ဒသမ ၃၁ လက်မစီ၊ မြောင်းမြမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ကော့ကရိတ်မြို့တွင် ၃ ဒသမ ၂၃ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၀၃ လက်မနှင့် မင်းဘူးမြို့တွင် ၁ ဒသမ ၆၅ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

ဩဂုတ် ၃၀ ရက် ညနေထိခန့်မှန်းချက်။ ။စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက် ပိုနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	၃၂ ဒသမ သုည ဒီဂရီစင်တီဂရိတ်	(၉၀ဒီဂရီဖာရင်ဟိုက်)	၂၈-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန်	၂၅ ဒသမ သုည ဒီဂရီစင်တီဂရိတ်	(၇၇ ဒီဂရီဖာရင်ဟိုက်)	၂၉-၈-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ	၉၂ ရာခိုင်နှုန်း		၂၉-၈-၂၀၁၀
မိုးရေချိန်	Tr		၂၉-၈-၂၀၁၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	၃၂ ဒသမ သုည ဒီဂရီစင်တီဂရိတ်	(၉၀ဒီဂရီဖာရင်ဟိုက်)	၂၈-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန်	၂၃ ဒသမ ၈ ဒီဂရီစင်တီဂရိတ်	(၇၅ ဒီဂရီဖာရင်ဟိုက်)	၂၉-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၈၈ ရာခိုင်နှုန်း		၂၉-၈-၂၀၁၀
နေပူသည့်နာရီပေါင်း ၄ ဒသမ သုည	နာရီခန့်		၂၈-၈-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၉-၈-၂၀၁၀	၆၃မမ(၂ဒသမ ၄၈လက်မ)	၅၈မမ(၂ ဒသမ ၂၈လက်မ)	၃၉မမ(၁ဒသမ၅၄လက်မ)
၁-၁-၂၀၁၀မှယနေ့အထိ	၁၅၀၃မမ(၅၉ဒသမ၁၇လက်မ)	၁၆၆၄မမ(၆၅ဒသမ၅၁လက်မ)	၁၉၁၂မမ(၇၅ဒသမ၂၈ လက်မ)

ရန်ကုန်(ကမ္ဘာအေး)အများဆုံးလေတိုက်နှုန်းမှာ ၂၈-၈-၂၀၁၀ရက် ၆း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၄၀မိုင်နှုန်းတိုက်ခတ်သည်။

ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ကောလိပ် ပဏာမရေကူးလက်ရွေးစင် ရွေးချယ်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)၊ (အောက်မြန်မာပြည်)နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ပညာရေးကောလိပ်များ ပဏာမရေကူးလက်ရွေးစင် ရွေးချယ်ပွဲကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပရာ ပြိုင်ပွဲအမျိုးအစား ခုနစ်မျိုးတွင် အားကစားသမား ကျား ၁၅ ဦး၊ မ ၁၃ ဦး စုစုပေါင်း ၂၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ပဏာမ ရေကူးလက်ရွေးစင် ရွေးချယ်ပွဲသို့ တက္ကသိုလ်များ ရေကူးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာကံဇော်၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြနှင့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဦးစိန်ထွန်းအောင်နှင့် ဝန်ထမ်းများ ဩဂုတ် ၇ ရက်က မြို့အဝင်ဆိုင်းဘုတ်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် မြေယာရှုခင်းအလှများ စိုက်ပျိုးကြစဉ်။

(မြို့နယ်စည်ပင်)

လျှပ်စစ်ဓာတ်အား သုံးစွဲမှု သတိပြု

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝါယာရှော့ဖြစ်ခြင်း (Wire Shock)၊ လျှပ်စစ်ဓာတ်အား မြင့်တက်ခြင်း (Over Loading)၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများအသုံးပြုခြင်း (Use of Defective Tools and Appliance)၊ မီးအားထိန်းကိရိယာ (Safe Guard) ချွတ်ယွင်း၍ အလိုအလျောက် (Auto) ပြုတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများ စတင်ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အား အသုံးပြုရာတွင် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများ မသုံးစွဲကြရန်၊ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် လျှပ်စစ်ပစ္စည်းများကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သောပစ္စည်းများ မထားရှိစေရေး သတိပေးနှိုးဆော်အပ်ပါသည်။

မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောပွဲ ပန်းဘဲတန်းမြို့နယ်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ပန်းဘဲတန်းမြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်၂၆ ရက်က ပန်းဘဲတန်းအထက(၁) ဧကရီခန်းမ၌ ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်မြဝင်း**(အပေါ်ပုံ)**၊ မြို့နယ်တရားသူကြီး ဦးဝင်းမြင့်၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်သိန်းကျော်၊ ရန်ကုန်အနောက်ပိုင်း မူးယစ်(အထူး)အဖွဲ့တာဝန်ခံ ရဲအုပ်မျိုးကြည်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာခင်မြင့်ဝေတို့က မူးယစ်ဆေးဝါးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြမေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

MBA ကောလားရှစ် ဆွေးနွေးပွဲ CROWN
Parkroyal Hotel
MIT + MBA

ဝန်ထမ်းအလိုရှိသည်
၁။ General Manager M/F (1) Post
MBA, B.Com
၂။ Supervisor M/F (2) Post
၃။ Ware House Supervisor M/F (1) Post
၄။ Cashier F (3) Post
၅။ Sales Assistant M/F (10) Post
STRAITS TRADING COMPANY LIMITED

လှိုင်သာယာ အောင်မင်္ဂလာဈေး သ/မ လီမိတက်ဖွဲ့စည်း

ရန်ကုန် ဩဂုတ် ၂၉

လှိုင်သာယာမြို့နယ်(၁၁)ရပ်ကွက် အောင်မင်္ဂလာဈေး သမဝါယမအသင်းလီမိတက် ဖွဲ့စည်းရေး အခမ်းအနားကို ဩဂုတ် ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းများ ပြန်လည်ဖွဲ့စည်းရေးဥက္ကဋ္ဌ၊ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးတင့်က အောင်မင်္ဂလာဈေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးအုန်းကြိုင် ပါ ဒါရိုက်တာအဖွဲ့ဝင် ငါးဦးနှင့် အသင်းသားစာရင်းစစ် နှစ်ဦးတို့ဖြင့် ဖွဲ့စည်းကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(၃၂၉)

မူးယစ်ဆေးဝါးဆန့်ကျင်ရေး လက်ထိုးရုပ်သေးအဖွဲ့ သရုပ်ပြ

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဗဟိုမှ တွဲဖက်အတွင်းရေးမှူး ဦးသာထွန်း ဦးဆောင်၍ HIV/ AIDS ကာကွယ်ရေး အသိပညာပေး လက်ထိုးရုပ်သေး အဖွဲ့ဝင်များ၏ သရုပ်ပြပွဲကို ဩဂုတ် ၂၄ရက်က မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် အလက(၈)နှင့် အမက(၂၆) တို့၌ ကျင်းပသည်။ အဆိုပါ လက်ထိုးရုပ်သေး သရုပ်ပြပွဲသို့ မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငြိမ်းထွေး၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း နာယက ဦးသန်းထွန်းဦး၊ အတွင်းရေးမှူး ဦးသိန်းလွင်နှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်းသိရှိရသည်။

(၅၃၂)

အိုင်အိုဒင်းဆား အရည်အသွေး စစ်ဆေး

အိမ်မဲ ဩဂုတ် ၂၉

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးတွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အဖြစ် ဩဂုတ် ၂ ရက်တွင် အိုင်အိုဒင်းဆား အရည်အသွေး စစ်ဆေးဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်စိုး၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဆန်းထွန်းနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ကြပ်မတ်စစ်ဆေးကြကြောင်း သတင်းရရှိသည်။

(မြို့နယ်စည်ပင်)

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ထန်းတပင်မြို့ကွက်သစ်လမ်းတွင် ပလက်ဖောင်းကတ်တုံးများ ဆေးသုတ်ခြင်း၊ ပန်းအလှပင်များစိုက်ပျိုးခြင်း၊ အရိပ်ရပင်များအား ညီညာအောင် ပုံဖော်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများအား ဇူလိုင် ၂၀ ရက်က အမှုဆောင်အရာရှိ ဦးတင်ဇော်လင်းကြီးကြပ်၍ စည်ပင်ဝန်ထမ်းများ စုပေါင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့မဈေးစစ်ဆေး

မိုးကောင်း ဩဂုတ် ၂၉

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်နိုင်၊ ဒုတိယဦးစီးမှူး ဒေါက်တာခိုင်ခိုင်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဒုတိယဦးစီးမှူး(ဈေး) ဦးဆန်းအောင်နှင့် ဝန်ထမ်းများသည် နယ်စပ်ဒေသမှ တရားမဝင်တင်သွင်းလာသော ကြက်ဥများ ရောင်းချခြင်း လုံးဝမရှိရေးအတွက် ဩဂုတ် ၂၆ ရက်က မိုးကောင်းမြို့ မြို့မဈေးအတွင်းရှိ ကြက်ဥအရောင်းဆိုင်များသို့ လိုက်လံစစ်ဆေး ကြပ်မတ်ခြင်း၊ အသိပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

(၄၉၉)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၉

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ် (၃၃)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် "ပြည်တွင်းပုဂ္ဂလိက ကားထုတ်လုပ်ရောင်းချမှုဈေးကွက်တွင် မီနီထရပ်နှင့် လိုက်ထရပ်ကား အထုတ်များ အသုံးများလာသည်ဟုဆို"၊ "ဖိုင်ဘာကြိုးလေးတစ်ချောင်းသွယ်တန်းရုံဖြင့် တီဗွီ၊ အင်တာနက်နှင့် တယ်လီဖုန်းသုံးမျိုး သုံးနိုင်သည့် FTTx စနစ် ခေတ်စားလာတော့မည်" စသည့် မျက်နှာဖုံးသတင်းဆောင်းပါးများ၊ "မိုးနှင့်အပြိုင် ပျော်မဆုံးသည့် ၂၀၁၀ မြင်ကွင်းကျယ် တောင်ပြုန်း"၊ "၂၀၁၀တွင် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း စံချိန်ချိုးမည်ဟုခန့်မှန်း" စသည့် သတင်းဆောင်းပါးများ၊ ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ ကြည်ခင်တို့၏ လေ့လာမှတ်သားဖွယ်ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ "စည်းရုံးလှုပ်ရှားနိုင်ငံရေးပါတီများ (ခေတ်သစ်ပြည်သူ့ပါတီ)"၊ "ဒီမိုကရက်တစ်ပါတီ(မြန်မာ)သတင်းစာရှင်းလင်းပွဲကျင်းပ"၊ "ရွေးကောက်ပွဲနှင့် ၂၀၁၀ လွှန်ကာလပန်းချီဆရာများ၏ အမြင်နှင့် သဘောထား" စသည်တို့ကို ဖော်ပြထားသည်။

ဝေဝေဆာဆာဖော်ပြ

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာတစ်လွှားထူးခြားဖြစ်ရပ်များ စသည့်ကဏ္ဍများကို ဝေဝေဆာဆာဖော်ပြထားသည်။

ထို့အပြင် "ကုန်စည်စီးဆင်းမှုမြန်ဆန်ရန် ဆိပ်ကမ်းများအဆင့်မြင့်တင်"၊ "POSCO က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်မည်"၊ "မြန်မာ-တီမောလက်စ်တေ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်"၊ "ဒစ်ဂျစ်တယ်ကင်မရာအသုံးနှင့် ဒစ်ဂျစ်တယ်ပုံကူးလုပ်ငန်း ကြီးထွားကျယ်ပြန့်လျက်ရှိ"၊ "ရွှေသဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်း လုပ်သားခေါ်ယူနေ"၊ "အမျိုးသားစာကြည့်တိုက်အား ဒစ်ဂျစ်တယ်စာကြည့်တိုက်အဖြစ် ပြောင်းလဲမှုစတင်"၊ "မလေးရှားအလုပ်အကိုင် ဗီဇာမရှိက လေကြောင်းလိုင်းမှ တင်ဆောင်မည်မဟုတ်"၊ "စာနယ်ဇင်းပညာသင်တန်း (၁/၂၀၁၀) ဖွင့်မည်" စသည့် စိတ်ဝင်စားဖွယ် သတင်းများပါရှိသည်။

(သတင်းစဉ်)

အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်းပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်)ပိုးများသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။
(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။
(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။
(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန် ဆောင်ရွက်ပါ။
(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်-နေ့လယ်-ည)

၃၀-၈-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ တရားတော် (အင်္ဂလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေး
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	တေးသီချင်း
၈း၃၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	လယ်ယာစီးပွား (ဂေါ်ဖီစိုက်ပျိုးဝင်ငွေဖြိုး) တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	မေတ္တာတွက်တာအလှုကမ္ဘာ (လက်သည်းရှည်ထားသင့်မထားသင့်)
၁၁း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	သိပ္ပံပညာသိကောင်းစရာ (သိပ္ပံသတင်းအတိုအထွာ)
၁၁း၄၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၁၂း၁၅	အလုပ်အကိုင်အခွင့်အလမ်း
၁၂း၂၀	တေးပဒေသာ
၁၂း၃၀	အားကစားသတင်းပဒေသာ
၁၂း၄၀	နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (တတိယတန်း ပထဝီဝင်) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	သန်စွမ်းကျန်းမာကိုယ်ခန္ဓာ (အရိုးများကိုဂရုပြုပါ)
၅း၁၀	ဇာနည်စစ်သည်တေးပန်းချီ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၅	အင်္ဂလိပ်စာသုတပဒေသာ(၂၂) ညနေခင်းတေးပဒေသာ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွှေသီတေးပန်းချီ တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ရေဒီယိုဇာတ်လမ်းတွဲများ တေးသီချင်း
၇း၄၀	ပြုံးပဒေသာ(အတူတူပါပဲ+၃) နိုင်ငံရေးဦးတည်ချက်
၈း၀၀	ပြည်တွင်းသတင်း တေးသီချင်း
၈း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (အချစ်ရှိသောသူများ နားဆင်ဖို့) စီးပွားရေးဦးတည်ချက်
၉း၀၀	သီချင်းကြီး လူမှုရေးဦးတည်ချက်
၉း၁၅	ခံစားနားဆင်မြန်မာတေးသံစဉ်
၉း၂၀	ညချမ်းချိန်ခါ တေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ယူရို ၂၀၁၂ အတွက် ရည်ရွယ်တည်ဆောက်သော လေဆိပ်ဆောင်သစ် ယူကရိန်း၌ ဖွင့်လှစ်

လေဆိပ်ဆောင်သစ်ဖွင့်ပွဲ၌ မိန့်ခွန်း ပြောကြားနေသော ယူကရိန်းသမ္မတကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။

ကီယက်ဗ် ဩဂုတ် ၂၉

ယူကရိန်းနိုင်ငံ အရှေ့ပိုင်း ခါကိဗ်မြို့တွင် ဥရောပဖလား ဘောလုံးပြိုင်ပွဲ ၂၀၁၂ အတွက် ရည်ရွယ် တည်ဆောက်ခဲ့သော ခေတ်မီ နိုင်ငံတကာလေဆိပ်ဆောင်တစ်ခုကို ဩဂုတ် ၂၈ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

လေဆိပ်ဆောင်သစ် ဖွင့်ပွဲကို ယူကရိန်းနိုင်ငံ၏ မြို့ပြလေကြောင်းနေ့တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ယူကရိန်းသမ္မတနှင့် ဥရောပဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့သည်။

ယင်းလေဆိပ်ဆောင်ကို ယူကရိန်းနိုင်ငံမှ ပုဂ္ဂလိကကုမ္ပဏီတစ်ခုဖြစ်သော ဒီစီအိတ်ချ်ကုမ္ပဏီက အမေရိကန်ဒေါ်လာ သန်း ၈၀ ခန့် သုံးစွဲကာ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စတုရန်းမီတာ ၂၀၀၀၀ ကျယ်ဝန်းပြီး တစ်နှစ်လျှင် ခရီးသည် နှစ်သန်းကို ဝန်ဆောင်မှုများပေးနိုင်ကြောင်း ယူကရိန်းသတင်းဌာနများက ဖော်ပြသည်။

ခါကိဗ်မြို့သည် ယူကရိန်းနိုင်ငံ၏ ဒုတိယအကြီးဆုံး မြို့ဖြစ်ပြီး ကီယက်ဗ်မြို့တော် အပါအဝင် အခြားမြို့သုံးမြို့နှင့် ပူးတွဲကာ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ၂၀၁၂ကို အိမ်ရှင်အဖြစ်လက်ခံ ကျင်းပမည်ဖြစ်သည်။ ***အမ်အင်အေ/ရိုက်တာ။***

ကယားပြည်နယ် လွိုင်ကော်မြို့နယ်၌ ရွေးကောက်ပွဲလုပ်ငန်း သရုပ်ပြရှင်းလင်းပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

ကယားပြည်နယ် လွိုင်ကော်မြို့နယ် ရွေးကောက်ပွဲလုပ်ငန်း သရုပ်ပြရှင်းလင်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် လွိုင်ကော်မြို့နယ် မင်းစုရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ စိတ်ဝင်စားသူ ပြည်သူစုစုပေါင်း ၄၀၀ ခန့် တက်ရောက်ကြသည်။

အဆိုပါ သရုပ်ပြရှင်းလင်းပွဲသို့ ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးဦးခင်မောင်ရီနှင့် အဖွဲ့ဝင်များ၊ လွိုင်ကော်ခရိုင်နှင့် မြို့နယ်တို့မှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက မဲပေးရမည့် လုပ်ငန်းအဆင့်ဆင့်ကို သရုပ်ပြ ရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၉

ပဲခူးမြစ်ရေသည် ယနေ့နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြို့၌ ၈၅၀ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၁၀ စင်တီမီတာသို့ ကျော်လွန်ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၉-၈-၂၀၁၀)

သံတွဲ ၉ ဒသမ ၂၂ လက်မ	**ဇောင်းတူ** ၅ ဒသမ ၃၆ လက်မ
ဘီးလင်း ၇ ဒသမ ၃၂ လက်မ	**ကျောက်ဖြူ** ၅ ဒသမ ၀၈ လက်မ
သိမ်ဇရပ် ၇ ဒသမ ၀၅ လက်မ	**မော်လမြိုင်** ၄ ဒသမ ၆၅ လက်မ
ပေါင် ၆ ဒသမ ၃၀ လက်မ	**ညောင်တုန်း** ၄ ဒသမ ၁၅ လက်မ
တောင်ကုတ် ၅ ဒသမ ၄၃ လက်မ	**သထုံ** ၃ ဒသမ ၈၁ လက်မ